# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက် ၂၀၂၅ ခုနှစ်၊ ဇွန် ၂ ရက်၊ တနင်္လာနေ့ အတွဲ (၆၄)၊ အမှတ်(၂၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**အဏ္ဏဝါရေပြင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစဉ်အလေးထားပေး** ဆောင်းပါး စာ ၆

**၂၀၂၅ နိုင်ငံတကာ အကူအညီ စစ်တမ်း** ဆောင်းပါး စာ ၁၀

**တောင်ကိုရီးယားသမ္မတ ရွေးကောက်ခံကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးရေးခရီးစဉ် လှည့်လည်** နိုင်ငံတကာသတင်း စာ ၁၄

**မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ** ဆောင်းပါး စာ ၁၆


## ကန့်ဘလူခရိုင်၌ မိုးရာသီ သီးနှံစုံဧက ၆၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



ကန့်ဘလူ ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်းရှိမြို့နယ်များမှ ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသူများဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီအလိုက် သီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

ယခုနှစ်မိုးရာသီတွင် ဆည်ရေသောက်၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်၊ လျှပ်စစ်ရေတင်နှင့် မြေအောက်ရေတင်စနစ်များဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များ၌ မိုးရာသီသီးနှံစုံ ၆၁၄၅၀၅ ဧကကို လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့တွင် မိုးရာသီသီးနှံစုံ အမျိုးအစားအလိုက် လျာထားဧကများမှာ မိုးစပါး ၁၇၆၆၅၅ ဧက၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စွန်တာပြာ၊ ထောပတ်ပဲနှင့်


စာမျက်နှာ ၄ ကော်လံ ၁




## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်သည့် ကော်ဖီသီးနှံကို ယခုနှစ်တွင် ဧက ၁၀၀၀ တိုးချဲ့စိုက်ပျိုးသွားမည်

မြိတ် ဇွန် ၁

**တနင်္သာရီတိုင်းဒေသကြီးအတွင်း ဈေးကွက်ဝင်အမယ်သီးနှံတစ်မျိုးဖြစ်သည့် ကော်ဖီသီးနှံပင်များကို ယခု ၂၀၂၅ - ၂၀၂၆ ခုနှစ်တွင် ဧကပေါင်း ၁၀၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။**

တနင်္သာရီတိုင်းဒေသကြီး၏ ရေ၊ မြေ၊ ရာသီဥတုအရ နှစ်ရှည်သီးနှံပင်ဖြစ်သော ရော်ဘာ၊ ဆီအုန်း၊ ကိုကိုး စသည့် သီးနှံပင်များအပြင် မြေနိမ့်ကော်ဖီဖြစ်ထွန်းစိုက်ပျိုးနိုင်သည့် ဒေသဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်း ယခုနှစ်တွင် ကော်ဖီကို တိုးချဲ့စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင် ၂၀၂၄ - ၂၀၂၅ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ကော်ဖီစိုက်ဧက ၁၈၇၄ ဧကကို တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့အထိစုစုပေါင်းကော်ဖီစိုက်ဧကပေါင်း ၃၀၂၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ ယခင်နှစ်က ကော်ဖီစိုက်ဧက ၁၈၇၄ ဧကကို


စာမျက်နှာ ၃ ကော်လံ ၁ ❖

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ယာယီဘာရာလိုင်းခန်းများတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုနှင့် Fabricated Modular House များ တပ်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းက ယာယီဘာရာလိုင်းခန်းများတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုနှင့် Fabricated Modular House များ တပ်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**စည်းကမ်းရှိစွာ နေထိုင်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဝန်ကြီးဌာနပိုင်မြေနေရာ၌ ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာနနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ငလျင်ဒဏ်သင့် အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ နေထိုင်နိုင်ရေး တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများ၊ Fabricated Modular House များ တပ်ဆင်ဆောင်ရွက်နေမှု အခြေအနေများနှင့် ရေ၊ မီး၊ မိလ္လာစနစ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ စနစ်တကျ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့် ရေ၊ မီး၊ မိလ္လာများ လုံလောက်မှုရှိအောင် ဆောင်ရွက်ပေးရန်၊ ယာယီဘာရာများ ပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေးနှင့် ဝန်ထမ်းများ စနစ်တကျဖြင့် စည်းကမ်းရှိစွာ နေထိုင်ကြစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

**အမြန်ဆုံးနေရာချထား**

ယင်းနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)အတွင်းရှိ မြေနေရာတွင် ငလျင်ဒဏ်သင့် ဝန်ထမ်းများ နေထိုင်နိုင်ရေး Prefabricated Modular House များ တပ်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက Fabricated Modular House တပ်ဆင်မှုများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးပါက ဝန်ထမ်းများကို စနစ်တကျ အမြန်ဆုံးနေရာချထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယနေ့အထိ ကော်ဖီစိုက်ဧကစုစုပေါင်း ၃၀၂၂ ဧကကို စိုက်ပျိုးပြီးဖြစ်ပါတယ်။ မြိတ်အတွင်းမှာတော့ ၂၀၂၄ – ၂၀၂၅ ခုနှစ်က ကော်ဖီစိုက်ဧက ၉၄၀ ကို တိုးချဲ့စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် မြိတ်ခရိုင်မှာ ယနေ့အထိ ကော်ဖီစိုက်ဧက စုစုပေါင်း ဧက ၁၂၀၀ စိုက်ပျိုးပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ ယခုနှစ် ၂၀၂၅ – ၂၀၂၆ ခုနှစ်မှာ ကော်ဖီစိုက်ဧက ၁၀၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရေးဆောင်ရွက်လျက်ပါတယ်။ မြိတ်ခရိုင်မှာ ဧက ၅၀၀ တိုးချဲ့ စိုက်ပျိုးသွားမှာဖြစ်ပြီး ကော်ဖီပျိုးပင် ၁၇၀၀၀၀ ကို ပျိုးထောင်ထားပြီး ဖြစ်ပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခု ၂၀၂၅ – ၂၀၂၆ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ကော်ဖီစိုက်ဧက ၁၀၀၀ ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရှိသည့်အပြင် မြိတ်ခရိုင်အတွင်း၌လည်း ဧက ၅၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး ကော်ဖီပျိုးပင်ပေါင်း ၁၇၀၀၀၀ ကို ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ကော်ဖီ တိုးချဲ့စိုက်ပျိုးမည့် ဒေသခံတောင်သူ (ခြံရှင်) များကိုလည်း ဌာနမှ ပျိုးထောင်ထားသည့် ကော်ဖီပျိုးပင်များကိုလည်း အခမဲ့ ထောက်ပံ့ပေးသည့်အပြင် တောင်သူများအနေဖြင့် မိမိတို့စိုက်ခင်းများ၌ ကြုံတွေ့နေသည့် စိုက်ပျိုး နည်းစနစ်ပိုင်းဆိုင်ရာ အခက်အခဲများ၊ မြေဆီလွှာပြဿနာများ၊ မျိုးကောင်းမျိုးသန့်ရရှိရေးကိစ္စရပ်များ၊ ရောဂါပိုးမွှားကာကွယ် နှိမ်နင်းမှုဆိုင်ရာ နည်းပညာနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို သက်ဆိုင်ရာခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံးများသို့ အချိန်မရွေးဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

“ကော်ဖီပင်များကို မိုးဦးကာလဖြစ်တဲ့ဇွန်လမှာ စတင်စိုက်ပျိုးရပါတယ်။ စိုက်ပျိုးပြီး ၄ – ၅ နှစ်သား အရွယ်မှာစတင်အသီးသီးပါတယ်။ ကော်ဖီသီးများကိုဒီဇင်ဘာလနဲ့ ဇန်နဝါရီလတွေမှာအသီးခူးရပါတယ်။ ပြည်တွင်းကထွက်ရှိလာတဲ့ ကော်ဖီများကို ပြည်ပတင်ပို့တာ ရှိပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆက်လက်ပြောကြားခဲ့သည်။



ထို့အပြင် နှစ်ရှည်သီးနှံပင်များဖြစ်သည့် ရော်ဘာပင်နှင့် ကွမ်းသီးပင်များကြား၌ ကြားသီးနှံအဖြစ် ကော်ဖီပင်များကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် မြေတစ်ယူနစ်အသုံးချမှု တိုးတက်လာစေရန်၊ တောင်သူများ၏ ဝင်ငွေတိုးပွား၍ လူနေမှုဘဝ မြင့်မားလာစေရန်၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် စသည့် ရည်ရွယ်ချက်ဖြင့် ဒေသခံတောင်သူများအား နည်းပညာပေးခြင်း၊ ပျိုးပင်များအား အခမဲ့ပေးအပ်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံခြားဈေးကွက်ဝင် သီးနှံတစ်မျိုးဖြစ်သည့် ကော်ဖီပင်များကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်တွင် တနင်္သာရီမြို့နယ်၊ မော်တောင်မြို့နှင့် ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်များတွင် ကော်ဖီပျိုးပင်များကို ဧကရာချီ၍ စိုက်ပျိုးထားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)



မြန်မာအပြည်ပြည်ဆိုင်ရာအနုညာတခုံရုံး Myanmar International Arbitration Centre(MIAC)Incorporated မှ ခုံသမာဓိလူကြီးများဖြစ်ကြသော ဒေါ်အေးမြင့်ထွန်း(အဖွဲ့ခေါင်းဆောင်)၊ ဦးခင်မောင်သန်း၊ ဒေါ်ဝိုင်းသူဇာ၊ ဒေါ်စောပပညွန့်၊ ဒေါ်ဇင်ဇင်ဦးတို့သည် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း Vietnam International Arbiration Centre(VIAC) ၏ ဖိတ်ကြားချက်အရဟိုချီမင်းမြို့တွင် မေ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပသည့် Hochiminh City International Construction Arbitration Conference (HICAC–2025,) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ရရှိလာသော အတွေ့အကြုံများရှင်းလင်းပွဲကို ဇွန် ၁ ရက်နံနက်က အမ်အိုင်အေစီ(ဗဟို) ရုံး၌ကျင်းပရာ အမ်အိုင်အေစီ(ဗဟို) ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ တက်ရောက်စဉ်။

တင်ဝင်းတင်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)နှင့် အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း) ကြည့်ရှုစစ်ဆေး

## ဝန်ထမ်းများအနေဖြင့် စက်ရုံလည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း

**နေပြည်တော် ဇွန် ၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့ရှိ အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်) သို့ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ စက်ပစ္စည်းများ၊ ထရန်စဖော်မာပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အလေးထားဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စက်ရုံတာဝန်ရှိသူများအနေဖြင့် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ရှုထောင့်ပေါင်းစုံမှသုံးသပ်၍ ကြိုတင်မျှော်တွေး စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်း မှတ်တမ်းထားရှိပြီး စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်စဉ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ပုံသေပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မှတ်တမ်းများဖြင့် ထိန်းသိမ်း၍ စစ်ဆေးကြပ်မတ်ခြင်းလုပ်ငန်းများကို အစဉ်အမြဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စက်ရုံလည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၈)အထည်စက်ရုံခွဲ (ရမည်းသင်း)သို့ ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းတာဝန်များကို လက်တွေ့ကျသည့်စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်) အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည် မြန်မာ - တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံမီဒီယာဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁**

အနာဂတ်ဆီသို့ အတူလက်တွဲ လျှောက်လှမ်းမည် မြန်မာ - တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံမီဒီယာဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Ms. Cao Jing နှင့် တာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြမည့် ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**Video Clip ကို ပြသ**

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် China Media Group တို့မှ အဆိုရှင်များက တရုတ်ကျေးလက်“ပန်းစံပယ်” သီချင်းဖြင့် အဖွင့်သီဆိုဖျော်ဖြေကြသည်။ ထို့နောက် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်ပြည့် အထိမ်းအမှတ် “ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးမှသည် ပိုမိုတိုးတက်အောင်မြင်မည့် နွေးထွေးသည့် မြန်မာ-တရုတ်ဆက်ဆံရေး” Video Clip ကို ပြသသည်။

**များစွာအထောက်အပံ့ဖြစ်ခဲ့**

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ယခုနှစ်သည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်ပြည့် စိန်ရတုကာလဖြစ်သဖြင့် နှစ်နိုင်ငံအတွက် ထူးခြားလေးနက်မှုရှိပါကြောင်း၊ ယနေ့ပြုလုပ်သည့် နှစ်နိုင်ငံမီဒီယာဆွေးနွေးပွဲ၏ ရည်ရွယ်ချက်ဖြစ်သော “အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည်” ဆိုသည့်အတိုင်း နှစ်နိုင်ငံမီဒီယာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မြဲအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မကြာမီက မိမိတို့နိုင်ငံတွင်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံမှ မီဒီယာများက ကမ္ဘာအနှံ့သိရှိအောင် အချိန်နှင့်တစ်ပြေးညီ မျှဝေပေးခဲ့သည့်အတွက် ရှာဖွေကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် များစွာအထောက်အပံ့ဖြစ်ခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား မီဒီယာပူးပေါင်းဆောင်ရွက်မှုသည် ဆယ်စုနှစ်များစွာကြာမြင့်ခဲ့ပြီး ရင်းနှီးခင်မင်သော ကူးလူးဖလှယ်မှုများ ရှိနေပြီဖြစ်ပါကြောင်း၊ တိုးတက်လာသည့် နည်းပညာများနှင့်အညီ ဖွံ့ဖြိုးတိုးတက်သည့် မီဒီယာကဏ္ဍကို ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံဆက်ဆံမှုခိုင်မြဲရေး၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြင့်တင်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်သွားကြမည်ဖြစ်ပြီး အေးအတူပူအမျှအသိုက်အဝန်းပုံသဏ္ဌာန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**မီဒီယာ၏အခန်းကဏ္ဍကို အလေးထား**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Ms. Cao Jing က မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးအနေဖြင့် မီဒီယာ၏ အခန်းကဏ္ဍကို အလေးထားပါကြောင်း၊ မြန်မာ-တရုတ် မီဒီယာတွေ့ဆုံပွဲကို သုံးလတစ်ကြိမ် ကျင်းပလေ့ရှိပါကြောင်း၊ နှစ်စဉ် မြန်မာမီဒီယာမိတ်ဆွေများကို တရုတ်နိုင်ငံလေ့လာရေးခရီးစဉ်နှင့် မွမ်းမံသင်တန်းများစီစဉ်ပေးပြီး မြန်မာ့နယ်ပယ်အသီးသီးသို့ စစ်မှန်သည့် တရုတ်နိုင်ငံ၏ပုံစံကိုပြသလျက်ရှိပါကြောင်း၊ နောက်ပိုင်းတွင်လည်း တရုတ်သံရုံးက နှစ်နိုင်ငံမီဒီယာမိတ်ဆွေများ ကူးလူးဖလှယ်ဆွေးနွေးပွဲများကို ပိုမိုကျင်းပပေးပြီး တရုတ်ယဉ်ကျေးမှု၏ ဝိသေသလက္ခဏာများနှင့် ဆွဲဆောင်မှု၊ တရုတ်ပြည်သူများ၏ ခင်မင်ရင်းနှီးမှုနှင့် ရိုးသားမှုတို့ကို မြန်မာမိတ်ဆွေများ လက်တွေ့ခံစားရစေရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သီဆိုဖျော်ဖြေတင်ဆက်**

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အဆိုရှင်များက “လွမ်းဖွယ်” သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် “အရေးပေါ်အခြေအနေများအတွင်း မြန်မာ-တရုတ် မီဒီယာပူးပေါင်းဆောင်ရွက်မှုများသည် တူညီသော အနာဂတ်များရှိသည့် မြန်မာ-တရုတ် အသိုက်အဝန်း၏ အနှစ်သာရအဓိပ္ပာယ်ကို ဖော်ကျူးခြင်း” ခေါင်းစဉ်၊ “ငလျင်အလွန် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုသတင်းများရယူရေးအတွက် မီဒီယာပူးပေါင်းဆောင်ရွက်မှု အနာဂတ်အလားအလာ” ခေါင်းစဉ်နှင့် “မြန်မာ-တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်ပြည့်မြောက်ခြင်းကို အခွင့်အလမ်းအဖြစ် သဘောထား၍ တရုတ်အသွင်ပုံစံခေတ်မီမှုဖြင့် မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှု (သံတမန်ဆက်ဆံရေး၊ မီဒီယာကဏ္ဍ) အတွက် အခွင့်အလမ်းအသစ်များ ယူဆောင်လာပေးခြင်း” ခေါင်းစဉ်တို့ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် China Media Group တို့မှ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

---

❍ *ရွှေ့ဖုံးမှ*

အခြားပဲ စုစုပေါင်း ဧက ၂၂၆၃၁၀၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့်နေကြာ စုစုပေါင်း ၅၉၅၀၂ ဧက၊ ကြံသီးနှံ ၁၁၀၆ ဧက၊ ဝါသီးနှံဧက ၃၂၀၊ စားဖိုဆောင်သီးနှံ ၁၅ ဧက၊ အခြားသီးနှံ ၁၁၂၃၇၉ ဧက၊ နှစ်ရှည်ပင် ၃၇၀၁၃ ဧကနှင့်ပရဆေးပင်များ ၁၂၀၅ ဧက ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်၌ ယခုနှစ် မိုးရာသီ မိုးသီးနှံစုံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက တာဝန်ခွဲဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြေ၊ မျိုး၊ ပိုးနှင့် စိုက်ပျိုးရေးနည်းပညာများကို ခရိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံများစိုက်ပျိုးရာတွင် မိုးစပါးသီးနှံများကို ဇွန်လလယ်တွင် လယ်ထွန်ခြင်း၊ ပျိုးထောင်ခြင်းများဆောင်ရွက်၍ ဇွန်လကုန်ပိုင်းတွင် စတင်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများနှင့်အခြားသီးနှံများကို မေလဆန်းက စတင်စိုက်ပျိုးခဲ့ရာ ပဲမျိုးစုံ ၁၁၆၀၆ ဧက၊ ဆီထွက်သီးနှံစုံ ၂၈၀၆ ဧက၊ ကြံသီးနှံ ၃၂၃ ဧက၊ အခြားသီးနှံ ၃၀၂၉ ဧက စိုက်ပျိုးပြီးစီးပြီး ယမန်နှစ်က မိုးရာသီသီးနှံစုံ ၆၃၅၆၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကယားပြည်နယ် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**လွိုင်ကော် ဇွန် ၁**

ကယားပြည်နယ် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ဘောလုံးကွင်း၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်အားပေးကြသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ကယားလူငယ်အသင်းနှင့် ပဒါသြေးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဘောလုံးပြိုင်ပွဲဖြစ်မြောက်ရေး ကူညီဆောင်ရွက်ပေးခဲ့ကြသူများကို ပြည်နယ် တိုင်းရင်းသားရေးရာ



ဝန်ကြီး ဦးတင်လှက ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့် အသင်းများအား ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆု၊ ဂိုးသမားအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိကြသူများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းစိုးအောင်က ငွေသားဆုနှင့် Trophy တို့ကို လည်းကောင်း၊ တတိယဆုရရှိသည့် နွားလပိုးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးထွန်းထွန်းဦးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ပဒါသြေးအသင်းအား ငွေသားဆုနှင့် ဆုတံဆိပ်များကို ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်ကလည်းကောင်း၊ ပထမဆုရရှိသည့် ကယားလူငယ်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

ကယားပြည်နယ် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မေ ၂၂ ရက်မှ စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

**နေပြည်တော် ဇွန် ၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင် တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ (မန္တလေး) ရှိ မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပြီး တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို ပညာသင်စရိတ်များပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ကာ ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်ကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဝန်းသိုမြို့(အ.ထ.က)၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ဝန်းသို ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဝန်းသို)၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများကို ယနေ့နံနက် ၇ နာရီက ဌာနဆိုင်ရာများ စုပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကောလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး အောင်မျိုးသူ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်တို့က ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ စုစုပေါင်း ၂၂၀ ခန့်ဖြင့် ကျောင်းတွင်း၊ ကျောင်းရှေ့ မျက်နှာစာနှင့် ဘေးပတ်ဝန်းကျင်ရှိ ချုံ၊ နွယ်၊ ပေါင်း၊ မြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ မိုးတွင်းကာလ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျောင်းဝင်းအတွင်းရှိ ရေတင်ကျန်နိုင်သော ဘူး၊ ခွက်၊ ရေပုံး၊ ရေအိုးများ၊ ရေတိုင်ကီ၊ ကျောက်စည်ဝိုင်း၊ အုတ်ရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**



# အဏ္ဏဝါရေပြင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစဉ်အလေးထားပေး

မောင်မော်(သတ္တဗေဒ)

**ကမ္ဘာ့ဒေသအသီးသီးရှိ အဏ္ဏဝါရေပြင်များသည် ပြင်းထန်သောပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ သက်ရောက်မှုများကြောင့် ညစ်ညမ်းမှုများရှိနေပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်အဖြစ် တဖြည်းဖြည်း ကြီးထွားလျက်ရှိပါသည်။ အဏ္ဏဝါရေပြင် ညစ်ညမ်းမှုကြောင့် စီးပွားရေးအရေးပါမှုရလဒ်များ လျော့နည်းလာနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြီးမားစွာဆုံးရှုံးခြင်း၊ ဂေဟစနစ်ဆိုင်ရာ ပြောင်းလဲမှု စသည်တို့ကို ဖြစ်စေနိုင်ပါသည်။**

ညစ်ညမ်းပစ္စည်းများဖြစ်သော သတ္တုများ၊ စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်များသည် ဇီဝမျိုးစုံမျိုးကွဲများ၏ အစားအစာကွင်းဆက်တွင် တဖြည်းဖြည်း စုပြုံလာပြီး များပြားလာခြင်း၊ ကမ်းရိုးတန်းဒေသရှိ သဘာဝရေပြင်များတွင် ဗက်တီးရီးယား အမြောက်အမြားရှိနေခြင်းကြောင့် သန်းပေါင်းများစွာသော လူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ကမ္ဘာတစ်ဝန်းရှိ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မြို့ပြ စွန့်ပစ်အညစ်အကြေးများသည် ထိတ်လန့်စရာကောင်းသော အချက်တစ်ခုအထိ ဖြစ်လာခဲ့ပါသည်။

ကျွန်ုပ်တို့ ကမ္ဘာကြီး၏ လေထုနှင့် သမုဒ္ဒရာတို့သည် ယခုအခါ သိသာစွာ ပြောင်းလဲနေပါသည်။ ယခုကဲ့သို့ဖြစ်ရခြင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်း၊ ဖွဲ့စည်းတည်ဆောက်ပုံပြောင်းလဲခြင်း စသည်တို့ကြောင့် အချိန်တိုင်း လျင်မြန်စွာ ပြောင်းလဲနေသည်ကို တွေ့ရှိနေရပါသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ယင်းအကျိုးဆက်အဖြစ် ရင်ဆိုင်နေရပြီး အဆိုပါဖြစ်ရပ်များအနက် အချို့သိသိသာသာ မြင့်တက်လာသော အခြေအနေများမှာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်း၊ ဆိုးရွားသော ရာသီဥတု အခြေအနေဖြစ်ပေါ်ခြင်း၊ သမုဒ္ဒရာတွင် အက်ဆစ်ဓာတ်လွန်ကဲခြင်း၊ တခြား ကျူးကျော်ဝင်ရောက်လာနိုင်သော မျိုးစိတ်များရောက်ရှိလာခြင်းတို့ဖြစ်ပါသည်။

အဆိုပါ သက်ရောက်ပြောင်းလဲခြင်းများက ကမ်းရိုးတန်းဒေသတွင် နေထိုင်သော လူ့အဖွဲ့အစည်းတို့ကို များစွာဆိုးကျိုးပေးနိုင်ပါသည်။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းသည် ပင်လယ်ကမ်းရိုးတန်းဒေသများအတွင်းရှိ မီတာရာနှင့်ချီသော မြေပြင်များ နိမ့်ဆင်းလာခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းနှင့် ဆိုးရွားသော ရာသီဥတု အခြေအနေများကြောင့် ကြီးမားသော ကပ်ဆိုက်မှု ဖြစ်ပေါ်လာနိုင်ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် ရိုးရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့ကို များစွာ ထိခိုက်စေနိုင်ပါသည်။ သေးငယ်သော ကျွန်းနိုင်ငံများအနေဖြင့် ထိုအန္တရာယ်များနှင့် ကြုံတွေ့လာပါက စီးပွားရေးထိခိုက်စေနိုင်ခြင်း၊ ကုန်သွယ်မှုပြုလုပ်နေသည့် ကမ်းရိုးတန်း မြေနိမ့်ဒေသများနှင့် ကမ္ဘာ့လူဦးရေအများဆုံးရှိသည့် ကမ္ဘာ့နိုင်ငံများမှ ချမ်းသာကြွယ်ဝသော နိုင်ငံများအထိကိုပါ ထိခိုက်စေနိုင်ပါသည်။



ကမ်းခြေတစ်ခုတွင် ပလတ်စတစ်ညစ်ညမ်းမှု ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရစဉ်။

## ရေထုညစ်ညမ်းမှုအကြောင်းရင်းများ

ကုန်းမြေနှင့်အဏ္ဏဝါ သမုဒ္ဒရာများ၏ ဂေဟစနစ်များအတွင်းသို့ ပလတ်စတစ်အပိုင်းအစများ ရောက်ရှိလာရခြင်း၏ အဓိကအကြောင်းရင်းများမှာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လူတို့၏ဆောင်ရွက်မှုအမျိုးမျိုးကြောင့်ဖြစ်ပြီး အထူးသဖြင့် မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ပင်လယ်သမုဒ္ဒရာထဲသို့ နေရာယူရောက်ရှိလာရခြင်းမှာ ပြည်တွင်းစွန့်ပစ်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများ၏ ထုတ်ကုန်များကြောင့်ပင် ဖြစ်သည်။

ထို့အပြင် ငါးဖမ်းဆီးခြင်း၊ ငါးမွေးမြူခြင်းနှင့် ကမ်းရိုးတန်း အခြေပြုလုပ်ငန်းများသည်လည်း အဏ္ဏဝါဂေဟစနစ်တွင် ညစ်ညမ်းမှုများ ဖြစ်ပေါ်စေသော အရင်းအမြစ်များဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်မှသည် ရေထုအနက် မီတာအလွှာများကိုဖြတ်၍ ရေအောက်ကြမ်းပြင်သို့ အနည်ထိုင်ရောက်ရှိလာပါသည်။ ရေနေသတ္တဝါများ၏ အဓိကအစာကွင်းဆက်အတွက် အရေးပါသည့် ရေပြင်အောက်ခြေကြမ်းပြင်များတွင် နေထိုင်သည့် သတ္တဝါများ၏ကိုယ်တွင်းသို့ အလွန်သေးငယ်သည့် မိုက်ခရိုအမျှင်များအဖြစ် ဝင်ရောက်နေသည်ကိုလည်း လက်ရှိသုတေသန ပြုလုပ်ချက်များအရ တွေ့ရှိနေရသဖြင့် အဆင့်ဆင့် အစာစားသောက်သည့် ဆင့်ကဲဖြစ်စဉ်များကြောင့် ငါးများ၏ အစာလမ်းကြောင်းအတွင်း ပလတ်စတစ်များ ရောက်ရှိနေခြင်းမှသည် ငါးများကိုစားသုံးသည့် အခြားသက်ရှိသတ္တဝါများ၏ အာဟာရဖြစ်စဉ်သို့ ရောက်ရှိနေသည်မှာ အခြားအငြင်းပွားဖွယ်မရှိကြောင်း သက်သေပြလျက်ရှိသည်။

ကမ္ဘာတစ်ဝန်း၌ လက်ရှိသုတေသနပြု လေ့လာဆန်းစစ်ချက်များအရ လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ ခန့်မှစ၍ ကမ္ဘာတစ်ဝန်းထုတ်လုပ်သော ပလတ်စတစ် မက်ထရစ်တန်ချိန် ၈ ဒသမ ၃ ဘီလီယံအနက် ၆ ဒသမ ၃ ဘီလီယံမှာ (တစ်ဘီလီယံတန်= ၁၀၀၀၀၀၀၀၀၀ တန်) စွန့်ပစ်အမှိုက်များအဖြစ် ကျန်ရှိနေခြင်းကို ကြည့်ခြင်းအားဖြင့် ထုတ်လုပ်မှု၏ ၉ ရာခိုင်နှုန်းခန့်ကိုသာ ပြန်လည်အသုံးချရန် ပြုလုပ်နိုင်သည်။ ကျန်ရှိသော ၉၁ ရာခိုင်နှုန်း၏ အများစုမှာ ပင်လယ်သမုဒ္ဒရာများထဲသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိပြီး အချိန်ကြာလာသည်နှင့်အမျှ ပင်လယ်ရေအောက်ကြမ်းပြင်သို့ ရောက်ရှိကာ အဏ္ဏဝါညစ်ညမ်းမှုမှတစ်ဆင့် ရေနေသတ္တဝါများ၏ ကိုယ်တွင်းသို့ရောက်ရှိ၍ အဆိုပါရေနေသတ္တဝါများကို လူများက စားသုံးခြင်းဖြင့် လူသားများ၏ ကျန်းမာရေးကို ထိခိုက်လာနိုင်သည်ဟူသော လူထု၏ အာရုံစူးစိုက်မှု တဖြည်းဖြည်း များပြားလာသည်မှာ အားလုံးအသိပင်ဖြစ်သော်လည်း တိကျခိုင်မာသည့် သုတေသနရလဒ်များ ပိုမိုထွက်ပေါ်လာရန် လိုအပ်လျက်ရှိနေပါသေးသည်။

## မြန်မာနိုင်ငံမှ သုတေသနပြုချက်

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့ပင်လယ်ရေပြင်အတွင်း ဆောင်ရွက်ခဲ့သည့် ပလတ်စတစ်ပါဝင်မှု တိုင်းတာသည့် သုတေသနလုပ်ငန်းကို နော်ဝေနိုင်ငံ၏ သုတေသနရေယာဉ် Dr. Fridtjof Nansen ဖြင့် နော်ဝေနိုင်ငံ Institute of Marine Research မှ ပညာရှင်များနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာန၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်နှင့် ရန်ကုန်တက္ကသိုလ်ရှိ အဏ္ဏဝါသိပ္ပံဌာနနှင့် ရေတပ်ပင်မတိုင်းတာရေးတပ်မှ ပညာရှင်များက ၂၀၁၈ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း သုတေသနပြုဆောင်ရွက်ခဲ့ရာ ပျမ်းမျှအားဖြင့် တစ်စတုရန်းကီလိုမီတာရေပြင်အကျယ်အဝန်းတွင် တွေ့ရှိရသော မိုက်ခရိုပလတ်စတစ် အပိုင်းအစများ ပါဝင်မှုအရေအတွက် (1MPs/Km2)မှာ ရခိုင်ကမ်းရိုးတန်းတွင် အပိုင်းအစ ၂၂၀၀၀၊ ဧရာဝတီကမ်းရိုးတန်းတွင် အပိုင်းအစ ၈၀၀၀ နှင့် တနင်္သာရီကမ်းရိုးတန်းရေပြင်တွင် အပိုင်းအစ ၂၇၀၀၀ ကို တွေ့ရှိခဲ့သလို မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးတစ်ခုဖြစ်သည့် ဧရာဝတီမြစ်အတွင်းသို့ တစ်နှစ်လျှင် ပလတ်စတစ်တန်ချိန် ၁၁၉ တန်ခန့် ဝင်ရောက်နေကြောင်း FFI& Thant Myanmar တို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်ပူးပေါင်းပြီး သုတေသနပြုလုပ်တွေ့ရှိချက်များကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၉ ရက် ထုတ်ပြန်ချက်အရ သိရှိရသည်။ အခြားမြစ်များအတွင်းသို့ မည်ရွေ့မည်မျှ ပလတ်စတစ်တန်ချိန်များ ဝင်ရောက်ထားပြီး ထိုမြစ်ကြောင်းများမှတစ်ဆင့် မြန်မာ့ပင်လယ်ရေပြင်နှင့် ရေအောက်ကြမ်းပြင်များသို့ မည်မျှအတိုင်းအတာအထိ ပလတ်စတစ်အမှိုက်များ ပျော်ဝင်ရောက်ရှိနေပြီလဲ စသည်ကို ဆက်စပ်တွေးတော သိရှိနိုင်ပါသည်။

မိုက်ခရိုပလတ်စတစ် (Microplastic) ဆိုသည်မှာ အရွယ်အစား ၅ မီလီမီတာထက် သေးသော ပလတ်စတစ် အစိတ်အပိုင်းများကို ဆိုလိုသည်။ ယင်းတို့သည် ပလတ်စတစ်ပစ္စည်းများ ပျက်စီးခြင်း၊ အရည်ပျက်ခြင်း၊ သဘာဝတွင် အချိန်ကြာမြင့်စွာ ရှိနေခြင်း စသည့်အကြောင်းရင်းများကြောင့် ဖြစ်ပေါ်လာသည်။ မိုက်ခရိုပလတ်စတစ်များသည် သဘာဝပတ်ဝန်းကျင်တွင် အထူးသဖြင့် ရေ၊ မြေ၊ လေတို့တွင်ရှိနေပြီး သဘာဝနှင့် လူသားတို့အတွက် အန္တရာယ်များစွာဖြစ်စေသည်။

ယင်းတို့သည် သဘာဝအစားအစာများနှင့်အတူ ရောထွေးနိုင်ပြီး လူသားများတွင် ကျန်းမာရေးပြဿနာများကို *စာမျက်နှာ ၇ သို့*

**❏ မြန်မာ့ပင်လယ်ရေပြင်အတွင်း ဆောင်ရွက်ခဲ့သည့် ပလတ်စတစ်ပါဝင်မှု တိုင်းတာသည့် သုတေသနလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဩဂုတ်လမှ စက်တင်ဘာလအတွင်း သုတေသနပြုဆောင်ရွက်ခဲ့ရာ ပျမ်းမျှအားဖြင့် တစ်စတုရန်း ကီလိုမီတာရေပြင်အကျယ်အဝန်းတွင် တွေ့ရှိရသော မိုက်ခရိုပလတ်စတစ်အပိုင်းအစများ ပါဝင်မှုအရေအတွက် (1MPs/Km2)မှာ ရခိုင်ကမ်းရိုးတန်းတွင် အပိုင်းအစ ၂၂၀၀၀၊ ဧရာဝတီကမ်းရိုးတန်းတွင် အပိုင်းအစ ၈၀၀၀ နှင့် တနင်္သာရီကမ်းရိုးတန်းရေပြင်တွင် အပိုင်းအစ ၂၇၀၀၀ ကို တွေ့ရှိခဲ့သလို မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးတစ်ခုဖြစ်သည့် ဧရာဝတီမြစ်အတွင်းသို့ တစ်နှစ်လျှင် ပလတ်စတစ် တန်ချိန် ၁၁၉ တန်ခန့် ဝင်ရောက်နေ**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ကြည့်ရှုအားပေး

မော်လမြိုင် ဇွန် ၁

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာအုပ်စု ဇော်ကုန်းကျေးရွာရှိ ဦးမင်းဆန်းလွန်း၏ အသားတိုးဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးသည်။**

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို သဘာဝဓာတ်မြေဩဇာများအဖြစ် ထုတ်ယူသုံးစွဲနိုင်ရေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သဘာဝဓာတ်မြေဩဇာ များပြားစွာရရှိစေရေး စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများအဖြစ် ဆောင်ရွက်ကြရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များကို ဒေသအတွင်း အခြားတစ်ပိုင်တစ်နိုင် မွေးမြူသူများကို မွေးမြူနိုင်ရေးအတွက် ကြိုးစားထုတ်လုပ်သွားကြရန်မှာကြားကာ ဝက်မွေးမြူရေးအဆောင်အတွင်းရှိ ဗီးဝက်မထားရှိခန်း၊ ဝက်သားပေါက်အခန်း၊ လေးလသားအရွယ် အသားတိုးဝက်အခန်း စသည့် ဝက်ကောင်ရေ ၁၂၇ ကောင် မွေးမြူအောင်မြင်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲဗိုလ်လုပွဲကို မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်၍ ဗိုလ်လုပွဲစဉ်အဖြစ် ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲ ပေါင်မြို့နယ်အသင်းနှင့် မုဒုံမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသူများ၊ ပူးတွဲတတိယဆုနှင့်ဒုတိယဆုရရှိသူများကို ပြည်နယ်ဝန်ကြီးများက တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသူများကို



ပြည်နယ်ဝန်ကြီးချုပ်က တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်၍ (အပေါ်ပုံ) တက်ရောက်လာကြသည့် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**စည်သူ(မြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်ရေးဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ညွှန်ကြားချက်များကို ထပ်ဆင့်အသိပေးပြောကြားကာ TC အခက်အခဲရှိသောသူများအား ကျောင်းအပ်လက်ခံရေး ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးကိုလည်းကောင်း၊ စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်၊ ခရိုင်ကျောင်းများတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ နိုင်ငံတော်သီချင်းဆိုခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသော ဒုတိယညွှန်ကြားရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများက အထွေထွေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(မြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ဖြစ်စေနိုင်သည်။ မိုက်ခရို ပလတ်စတစ်များကို လျှော့ချရန် အထူးသဖြင့် ပလတ်စတစ်အသုံးပြုမှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုကာကွယ်ခြင်း စသည့်နည်းလမ်းများကို အသုံးပြုရန် လိုအပ်ပါသည်။

မိုက်ခရိုပလတ်စတစ်၏ ဆိုးကျိုးများကို ကာကွယ်ရန် အောက်ပါနည်းလမ်းများကို အသုံးပြုနိုင်ပါသည်-

- တစ်နေ့တာတွင် အသုံးပြုသော ပလတ်စတစ်ပစ္စည်းများကိုလျှော့ချရမည်။ ဥပမာ- သုံးစွဲမှုအတွက် အစားအစာများကို အထုပ်မပါဘဲ ဝယ်ယူပါ။
- ပလတ်စတစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်သောနည်းလမ်းများကို ရှာဖွေရမည်။ ဥပမာ- သုံးပြီးသော ပလတ်စတစ်ဘူးများကို အခြားအရာများအတွက် အသုံးပြုပါ။
- သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် အရေးကြီးသော အစီအစဉ်များကို ထောက်ပံ့ရမည်။ သဘာဝအရင်းအမြစ်များကို ကာကွယ်ရန်လုပ်ဆောင်ရမည်။
- ပလတ်စတစ်ထုတ်လုပ်မှုမပါသော အစားအစာများကို ရွေးချယ်ရမည်။ ဥပမာ- ငှက်ပျောရွက်၊ အင်ဖက်များကိုသာ အသုံးပြုပါ။
- ပလတ်စတစ်အမှိုက်များကို မှန်ကန်စွာ သိမ်းဆည်းရမည်။ အမှိုက်သိမ်းဆည်းရေးစနစ်များကို အသုံးပြုပါ။
- မိုက်ခရိုပလတ်စတစ်နှင့် ၎င်း၏ဆိုးကျိုးများအကြောင်း လူများကို ပညာပေးသင့်ပါသည်။

ဤနည်းလမ်းများကို အသုံးပြုခြင်းဖြင့် မိုက်ခရိုပလတ်စတစ်၏ ဆိုးကျိုးများကို ကာကွယ်နိုင်ပါသည်။

**မြန်မာနိုင်ငံနှင့် ပလတ်စတစ်ပြဿနာ**

မြန်မာနိုင်ငံ၏ ပင်လယ်၊ မြစ်ချောင်း၊ အင်းအိုင်များတွင် ပလတ်စတစ်အိတ်များ၊ ကြွပ်ကြွပ်အိတ်များကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းများကြောင့် အမှိုက်များနှင့် ပိတ်ဆို့၍ ရေစီးရေလာထိခိုက်ခြင်း၊ ရေနေသတ္တဝါများ၏ အသက်ရှင်ရပ်တည်မှုအပေါ် အကျိုးသက်ရောက်မှုရှိနေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်တို့အား သယ်ယူရာတွင် လွယ်ကူခြင်း စရိတ်စက မကြီးခြင်းတို့ကြောင့် အသုံးပြုမှုများပြားခဲ့ပါသည်။

ယခုအခါတွင် ပလတ်စတစ်၏ ဆိုးကျိုးများကို ကောင်းစွာသိရှိလာခဲ့ပြီဖြစ်၍ ပြည်သူတစ်ရပ်လုံး သိရှိသုံးစွဲမှုအား လျှော့ချရပ်တန့်နိုင်ရေးအတွက် ရေဒီယို၊ ရုပ်မြင်သံကြား စာစောင်ဂျာနယ်များမှ အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်ပါသည်။ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများကလည်း ပလတ်စတစ်အမှိုက်ကင်းစင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လာပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးဆောင်ပြီး မြန်မာနိုင်ငံ၏ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (၂၀၁၇-၂၀၃၀) ကို ချမှတ်၍ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာတစ်ဝန်း အဏ္ဏဝါသမုဒ္ဒရာအတွင်း အမှိုက်သရိုက်များ တွေ့ရှိနေမှုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်ပူပန်မှုတစ်ခုဖြစ်ပြီး ပလတ်စတစ်များကို သမုဒ္ဒရာထဲသို့ စွန့်ပစ်ခြင်းများကို ဖယ်ရှားပစ်ရန် ရေရှည်ရည်မှန်းချက်ကို ကမ္ဘာလုံးဆိုင်ရာ ညီလာခံကြီးများတွင် သဘောတူထားကြသော်လည်း သုတေသနပြုခန့်မှန်းချက်များအရ အဏ္ဏဝါရေထုအတွင်း ပလတ်စတစ်ပါဝင်နေမှုများမှာ လျင်မြန်စွာ မြင့်တက်လျက်ရှိသည်။

**ပလတ်စတစ်ကင်းစင်ရေးစီမံခန့်ခွဲမှု**

မြန်မာနိုင်ငံသည် ကြီးထွားလာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဖြစ်သည့် ပလတ်စတစ်အမှိုက်နှင့်ရင်ဆိုင်နေရပြီး ဆိုးရွားစွာညစ်ညမ်းမှုနှင့် ဂေဟစနစ်ကို ထိခိုက်မှုဖြစ်စေသည်။ မြန်မာနိုင်ငံတွင် ပလတ်စတစ်ညစ်ညမ်းမှု ပြဿနာများကို လမ်းများ၊ မြစ်များနှင့်ကမ်းခြေများတွင် ပလတ်စတစ်အမှိုက်များ၊ အမှိုက်သရိုက်များ ရှိနေသည့်အတွက် စိုးရိမ်စရာဖြစ်လာပါသည်။

သဘာဝပတ်ဝန်းကျင်အပေါ် ပလတ်စတစ်အမှိုက်များ၏ အကျိုးသက်ရောက်မှုသည် ကုန်းနေနှင့် ရေနေသတ္တဝါများကို ထိခိုက်စေပါသည်။ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် လူ့ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိပြီး ပလတ်စတစ်မှ အန္တရာယ်ရှိသော ဓာတုပစ္စည်းများသည် မြေကြီးနှင့် ရေထဲသို့ စိမ့်ဝင်နိုင်သောကြောင့် ပလတ်စတစ်အမှိုက်ပြဿနာကို တုံ့ပြန်အနေဖြင့် ဖြေရှင်းနည်းများစွာ ဆောင်ရွက်သွားကြရပါမည်။

အများပြည်သူများ အသုံးပြုသော ကမ်းခြေသန့်ရှင်းရေးတွင် ပြည်သူများအား ပါဝင်ဆောင်ရွက်ရန်နှင့် အမှိုက်စနစ်တကျ စွန့်ပစ်ရေးရေရှည်တည်တံ့သော အလေ့အကျင့်များကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံရှိ ပလတ်စတစ်အမှိုက်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါသည်။ ဒေသခံလူထုသည် ၎င်းတို့၏ပတ်ဝန်းကျင်ကို သန့်ရှင်းစေရန်နှင့် ပြန်လည်အသုံးပြုခြင်းကို မြှင့်တင်ရာတွင် ထူးထူးခြားခြား အလေးထားမှုကို ပြသခဲ့သည်။ စာသင်ကျောင်းများနှင့် ရပ်ရွာလူထုအဖွဲ့များက ပလတ်စတစ်အမှိုက်များ ရှင်းလင်းရေး လမ်းစဉ်များကို စည်းရုံးကာ အသိပညာပေးမှုများ ပြုလုပ်ခဲ့ကြသည်။ တစ်ခါသုံးပလတ်စတစ်များကို တားမြစ်ခြင်းအပါအဝင် ပလတ်စတစ်ထုတ်လုပ်မှုနှင့် သုံးစွဲမှုဆိုင်ရာစည်းမျဉ်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပင်လယ်ပြင်တွင် ငါးဖမ်းထွက်သည့် စက်လှေများမှ နိုင်လွန်ကြိုးပိုက် အပိုင်းအစများ၊ ပလတ်စတစ်များ စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူ စွန့်မပစ်ဘဲ စနစ်တကျ ထိန်းသိမ်းသွားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင် ပလတ်စတစ်အမှိုက်များကို ကိုင်တွယ်ဖြေရှင်းခြင်းသည် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးအတွက် အလွန်အရေးကြီးပါသည်။ ရပ်ရွာပြည်သူလူထု၊ လုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်း၊ လူမှုရေးအဖွဲ့များ ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံသည် ပလတ်စတစ် အမှိုက်ဝန်ထုပ်ဝန်ပိုးမှကင်းဝေးပြီး ပိုမိုရေရှည်တည်တံ့သော အနာဂတ်အတွက် လမ်းခင်းပေးနိုင်ပါသည်။

**ကိုးကား-**

**Dr Tun Thein DOF**

**၁၄/၉/၂၀၂၀ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် လျှောင်ဒဏ်သင့်ခဲ့သည့် ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများ အချိန်မီစာသင်ကြားနိုင်ရေး ပြင်ဆင်ထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်ရွှေ ဇွန် ၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲက လျှောင်ဒဏ်သင့်ခဲ့သည့် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကေလာအထက်တန်းကျောင်း(ခွဲ)ရှိ ကျောင်းသားကျောင်းသူများ စာသင်ကြားနိုင်ရေးအတွက် ပြင်ဆင်ထားရှိသည့် KG တန်း၊ Grade – 1, 2, 3, 4 စာသင်ခန်းများ၊ ယာယီကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စာသင်ခန်းရှိ လျှပ်စစ်မီးလိုင်းများကောင်းမွန်ရေးအတွက် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန်၊ ယာယီကျောင်းဆောင်တစ်ဆောင် အမြန်ဆုံးပြီးစီးရေး ဆောင်ရွက်ပေးရန်၊ ကျွန်းကုလားထိုင်များ ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ကျောင်းအိမ်သာများ အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် လျှောင်ဒဏ်သင့်ခဲ့သော အင်းလေးဖောင်တော်ဦးရုပ်ရှင်တော် မြတ်စွာဘုရားရင်ပြင် ကျောက်ပြားခင်းနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နေမှု၊ ဘုရားရင်ပြင်ပတ်လည် Sheet Pile ရိုက်နေမှု၊ စကျင်ကျောက်ပြားများ အရွယ်အစားဖြတ်တောက်ဆောင်ရွက်နေမှု၊ ဖောင်တော်ဦးဘုရား ပင်မကျောင်းဆောင်အပေါ်ထပ် အပြင်ပတ်လမ်း ပြုပြင်ဆောင်ရွက်နေမှု၊ ကျောင်းအောက်ထပ်တိုင်များ ကွန်ကရစ်လောင်းခြင်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဒက္ခိဏသီရိမြို့နယ်အတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့ရသည့် MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၁**



နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် စက်မှုကြီးကြပ်ရေး စစ်ဆေးရေး ဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဒက္ခိဏသီရိ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး၌ကျင်းပသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် MSMEလုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ချေးငွေထုတ်ချေးရာတွင် အမှန်လိုအပ်သည့် ငွေပမာဏကို သာ ချေးငွေထုတ်ချေးစေလိုကြောင်း၊ ပေးဆပ်နိုင်သည့် ငွေပမာဏကို အလေးထားဆုံးဖြတ်ရန်လိုကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေလိုကြောင်းနှင့် နေပြည်တော် ဂုဏ်ဆောင်လုပ်ငန်းရှင်များ ပေါ်ထွက်လာရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်းအမှာစကားပြောကြားပြီး **(အပေါ်ပုံ)** လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်မှုများ၊ လုပ်ငန်းဆုံးရှုံးမှုများအား ရင်းနှီးမြှုပ်နှံမှုအရ ပြန်လည်တည့်မတ်ပေးနိုင်သည့် အခြေအနေများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ငွေရေးကြေးရေးကြီးကြပ်ရေးဦးစီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် အသေးစား ချေးငွေကုမ္ပဏီများမှ တာဝန်ရှိသူများက အသေးစားချေးငွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

စန္ဒာဝင်း (ပြန်/ဆက်)

# ပြွန်တန်ဆာမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဇွန် ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်လေးပင်မြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဒေါ်ခင်လေးမူ ဦးဆောင်သော ကွင်းဆင်းအဖွဲ့လေးဖွဲ့သည် ပြွန်တန်ဆာမြို့ ချောင်းရင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်း နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသော ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိသည့် ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နီနီဝင်း(ပြန်/ဆက်)






မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်နှင့် အောက်ကျင်းရပ်ကွက်တို့ရှိ ဆိုင်ကယ်အရောင်းဆိုင်များ၌ လိုင်စင်မဲ့နှင့် လိုင်စင်သက်တမ်းလွန်ဆိုင်ကယ်များ ရောင်းချမှုအား မေ ၃၀ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုးနှင့်အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ခရိုင်ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့များနှင့် တာဝန်ရှိသူများပူးပေါင်းကာ စစ်ဆေးစဉ်။

ခရိုင်(ပြန်/ဆက်)

# မိုင်းတုံမြို့နယ် ပိန်းမုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းတုံ ဇွန် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပိန်းမုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ရှိသူများသည် ပိန်းမုံကျေးရွာတွင် စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တစ်နိုင်တစ်ပိုင် မိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

ပိန်းမုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄–၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား ၄၁ ဦးကို ရန်ပုံငွေကျပ် ၄၈၈ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁

**မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သမိုင်းဝင်မြသိန်းတန်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ မင်းကွန်းခေါင်းလောင်းကြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှု ရှိ/မရှိကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာတွင် အသက်ကြီးဘိုးဘွားများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း ၁၈ မျိုးအား ပေးအပ်ပြီး ချက်ပြုတ်ရေးအဆောင်နှင့် ဘိုးဘွားအိပ်ဆောင်များသို့ သွားရောက်၍ အသက်ကြီးဘိုးဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပုထိုးတော်ကြီးနှင့်ခြင်္သေ့ကြီးအားလည်းကောင်း၊မင်းကွန်းသီတဂူရေအလှူတော်ပင်မရေတင်စက်ရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မင်းကွန်းနယ်မြေရဲစခန်းအား လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း ၁၈ မျိုးကို ပေးအပ်ခဲ့ပြီး ငလျင်ဘေးဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေရှိ တိပိဋကနိကာယကျောင်းတိုက်ဆရာတော်ကြီးများအား စားသောက်ကုန်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တိပိဋကနိကာယကျောင်းတိုက်အား စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ ကြက်ထောင့်ကန် ချောင်းပေါက်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ပယ်ငါးဆယ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့၌ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ မင်းကွန်းဒေသ သမိုင်းဝင်မြသိန်းတန်စေတီသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် သမိုင်းဝင်အောင်မြေ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများ ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ ပဋ္ဌမသင်္ဂါယနာတင်မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား၊ စန္ဒာမုနိဘုရားနှင့် ကျောက်တော်ကြီးမြတ်စွာဘုရားများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ရှင်းလင်းမှုမပျက် ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ရန်ကုန်-မန္တလေးလမ်းမကြီးဘေးရှိ လမ်းဘေးဝဲ/ယာမှ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် ဆည်ယူနေမှုအခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်မြို့ ဖျောက်ဆိပ်ပင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနရုံးဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ် တရုတ်စုရပ်ကွက်ရှိ တိုက်ကျောင်းပရိယတ္တိစာသင်တိုက်၌ သံဃာတော်များ ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန် စာမေးပွဲဖြေဆိုရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ်ရှိ POWER GEN KYAUKSE COMPANY LIMITED သဘာဝဓာတ်ငွေ့အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေးစက် အင်ဂျင်ရှစ်လုံးရှိသည့်အနက် အင်ဂျင်ခုနစ်လုံးမှာ ရာနှုန်းပြည့်ပြုပြင်ပြီးစီး၍ လည်ပတ်လျက်ရှိပြီး အင်ဂျင်တစ်လုံးလျှင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၁၈ ဒသမ ၄၇၁ မဂ္ဂါဝပ်ရှိပြီး တစ်ရက်လျှင် မဟာဓာတ်အားလိုင်းသို့ ၁၂၉ ဒသမ ၂၉၇ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးသွင်းလျက်ရှိကြောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ကျန်ရှိသည့်စက်အား အမြန်ပြုပြင်ဆောင်ရွက်ပြီး လုပ်ငန်းလည်ပတ်နိုင်ရေး မှာကြားခဲ့ကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် စဉ့်ကိုင်မြို့နယ်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် POWER GEN KYAUKSE COMPANY LIMITED သဘာဝဓာတ်ငွေ့အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၅ နိုင်ငံတကာ အကူအညီစစ်တမ်း

*နိုင်ငံတကာရေးရာ သုတေသီတစ်ဦး*

**အခုဆို နိုင်ငံတကာ အကူအညီလောက အကျပ်ဆိုက်နေပါတယ်။ နိုင်ငံတကာအကူအညီဆိုတာ ရေရှည်ဖွံ့ဖြိုးရေးအကူအညီတွေရော ရေတို လူသားချင်းစာနာမှုအကူအညီတွေပါ အားလုံးပါဝင်ပါတယ်။ နိုင်ငံတကာ အကူအညီလောကဆိုတာ အဲဒီအကူအညီတွေကို ကြီးကြပ်ကိုင်တွယ်ဆောင်ရွက်နေတဲ့ ကုလသမဂ္ဂ (UN)တို့၊ အခြားအလှူရှင် နိုင်ငံတကာအဖွဲ့အစည်းကြီးတွေကို ဆိုလိုပါတယ်။**

အကျပ်ဆိုက်တယ်ဆိုတာက ရန်ပုံငွေအခက်အခဲပေါ့။ ရန်ပုံငွေလျော့နည်းလာတာပေါ့။ အလှူရှင်အစိုးရတွေက လူသားချင်းစာနာမှုအကူအညီတွေထက် စစ်ရေး၊ ကာကွယ်ရေး၊ လုံခြုံရေးကို ပိုပြီးအာရုံပြုလာကြတယ်ပေါ့။ အခုဆို လာမယ့်လအနည်းငယ်အတွင်း ကုလသမဂ္ဂမှာ ရန်ပုံငွေတွေကုန်ခန်းတော့မယ်၊ လစာပေးဖို့ အခက်အခဲဖြစ်မယ် စသည်ဖြင့် သတင်းတွေ တက်လာပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းကြီး အတော်များများလည်း ရန်ပုံငွေတွေ လျော့နည်းလာပါတယ်။

**❑ ရန်ပုံငွေပြတ်တောက်တော့မယ် အော်လိုက်၊ ပြန်ရလိုက်၊ ပြန်အော်လိုက်၊ ပြန်ရလိုက်နဲ့ နိုင်ငံတကာလုပ်ထုံးလုပ်နည်းတစ်ခု လိုပါပဲ။ ဒါပေမယ့် အခု ၂၀၂၅ ခုနှစ် နောက်ပိုင်းအခြေအနေတွေကတော့ အရင်လို ဟုတ်ပုံမရတော့ပါဘူး။ နိုင်ငံတကာအကူအညီနဲ့ပတ်သက်ရင် အကြီးမားဆုံး အလှူရှင်ဖြစ်တဲ့ အမေရိကန်ဘက်က သံယောဇဉ်ပြတ်ပါပြီ။ အနည်းဆုံးတော့ ထရမ့်ရှိနေသမျှ နောက်ထပ်လေးနှစ်ပေါ့။ ဥရောပကလည်း ယူကရိန်းကိစ္စနဲ့ ကာကွယ်ရေးအသုံးစရိတ်တွေ တိုးမြှင့်ဖို့ရှိတော့ နိုင်ငံတကာအကူအညီ ထပ်လျော့ဖို့ပဲ ရှိပါတယ်။**

အဲဒီလို ရန်ပုံငွေအကျပ်အတည်းက အခုမှရင်ဆိုင်ရတာမဟုတ်ပါဘူး။ ဟိုးအရင်နှစ်တွေကလည်း အဲဒီလိုပဲ ရန်ပုံငွေမလုံလောက်လို့ နိုင်ငံတကာအကူအညီတွေ၊ လူသားချင်းစာနာမှုအကူအညီတွေ ရပ်တန့်ရတော့မလို၊ အလုပ်တွေပဲပြုတ်တော့မလို၊ ရုံးတွေပဲ ပိတ်ရတော့မလို သတင်းတွေဖြစ်ခဲ့ပါတယ်။ အချိန်တန်တော့လည်း ရန်ပုံငွေပြန်ရကာ ပြန်ပြီးလည်ပတ်ကြတာပါပဲ။ နိုင်ငံတကာအကူအညီနဲ့ပတ်သက်ရင် ပေးစရာ အဲဒီအဖွဲ့အစည်းတွေပဲရှိတာကိုး။ အများအမြင်မှာတော့ လုပ်ဇာတ်ကြီးတစ်ခု ကြည့်နေရသလိုပါပဲ။ ရန်ပုံငွေပြတ်တောက်တော့မယ် အော်လိုက်၊ ပြန်ရလိုက်၊ ပြန်အော်လိုက်၊ ပြန်ရလိုက်နဲ့ နိုင်ငံတကာလုပ်ထုံး လုပ်နည်းတစ်ခု လိုပါပဲ။ ဒါပေမယ့် အခု ၂၀၂၅ ခုနှစ် နောက်ပိုင်းအခြေအနေတွေကတော့ အရင်လို ဟုတ်ပုံမရတော့ ပါဘူး။ နိုင်ငံတကာအကူအညီနဲ့ ပတ်သက်ရင် အကြီးမားဆုံး အလှူရှင်ဖြစ်တဲ့ အမေရိကန်ဘက်က သံယောဇဉ်ပြတ်ပါပြီ။ အနည်းဆုံးတော့ ထရမ့်ရှိနေသမျှ နောက်ထပ်လေးနှစ်ပေါ့။ ဥရောပကလည်း ယူကရိန်းကိစ္စနဲ့ ကာကွယ်ရေးအသုံးစရိတ်တွေ တိုးမြှင့်ဖို့ရှိတော့ နိုင်ငံတကာ အကူအညီထပ်လျော့ဖို့ပဲ ရှိပါတယ်။

## ပညာတတ်တွေ အပိုင်စီးထားတဲ့လောကကြီး

လေ့လာသူအချို့အမြင်မှာ နိုင်ငံတကာအဖွဲ့အစည်းလောကကြီးက ပြဇာတ်တစ်ပုဒ် ကြည့်နေရသလိုပါပဲ။ ပညာတတ်တွေ အပိုင်စီးထားတဲ့ လောကကြီးတစ်ခုပါပဲ။ ပြုပြင်ပြောင်းလဲရေး လုပ်မယ် အကြိမ်ကြိမ်ပြောပြီး ဘာမှလည်း ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲရေးမလုပ်နိုင်ပါဘူး။ ပိုလို့သာဆိုးလာပါတယ်။ အတွင်းထဲမှာလည်း အချင်းချင်း မပြောကြပါဘူး။ အမြင်မတော်တာရှိလည်း မသိချင်ယောင်ဘဲဆောင်ပါတယ်။ အဓိကက အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ဖို့ဖြစ်ပါတယ်။ အပြင်ကို အသံမထွက်ဖို့ဖြစ်ပါတယ်။ ကျိတ်ပြီး ဖြေရှင်းကြဖို့ဖြစ်ပါတယ်။ ဒါကြောင့် အဖွဲ့အစည်းတွေအတွင်းမှာ ယိုပေါက်တွေရှိနေလည်း မပြောကြပါဘူး။ ငွေက အရာရာကိုနှုတ်ပိတ်စေပါတယ်။ အလုပ်နေရာတည်မြဲဖို့သာ အဓိကဖြစ်ပါတယ်။ ရန်ပုံငွေရမှသာ နောက်တစ်နှစ် အလုပ်ဆက်နိုင်မှာဖြစ်လို့ ရန်ပုံငွေရရှိရေးကိုပဲ အာရုံစိုက်လုပ်ဆောင်ကြပါတယ်။

နောက်ဆုံးအစီရင်ခံစာတွေကတစ်ဆင့် အလှူရှင်ရော အလှူရှင်ငွေကို အသုံးပြုတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေပါ ပူးပေါင်းညာစားတဲ့အသိုက်အဝန်းကြီးဖြစ်လာပါတယ်။ အလှူငွေတွေဆိုတာ နိုင်ငံတကာပြည်သူတွေရဲ့ အခွန်ငွေကြေးတွေဖြစ်ပါတယ်။ တစ်နည်း လူအချင်းချင်းခေါင်းပုံဖြတ်တဲ့သဘောဖြစ်လာပါတယ်။ အခုတော့ အဲဒီပြဇာတ် ဇာတ်သိမ်းချိန်ရောက်ပြီ၊ ဒါမှမဟုတ်လည်း ဇာတ်ညွှန်းအသစ်နဲ့ ပြန်စဖို့သင့်ပြီဆိုပြီး အသံတွေ ထွက်လာပါတယ်။

## အကူအညီတွေက ထိရောက်မှုရှိသလား

အခုတစ်လော နိုင်ငံတကာအကူအညီတွေနဲ့ ပတ်သက်ပြီး ဆောင်းပါးအချို့ ထွက်ပေါ်လာပါတယ်။ အဲဒီဆောင်းပါးတွေနဲ့ ဆက်စပ်နေတဲ့ အများပြည်သူ မှတ်ချက်တွေမှာ နိုင်ငံတကာအကူအညီတွေနဲ့ပတ်သက်ပြီး အကူအညီတွေက ထိရောက်မှုရှိသလားပေါ့။ အနှစ်ချုပ်က နိုင်ငံတကာအကူအညီတွေပေးလာခဲ့တာ နှစ်ပေါင်းများစွာရှိပြီ။ အကူအညီကြောင့် တိုးတက်တယ်ဆိုတဲ့နိုင်ငံ မရှိသေးဘူး။ အကျင့်ပျက်ခြစားမှုတွေ၊ လူမှုအဖွဲ့အစည်းအတွင်း စိတ်ဝမ်းကွဲမှုတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ အမြင်မကြည်လင်မှုတွေသာ တိုးပွားလာတယ်ဆိုပြီး ထောက်ပြထားပါတယ်။

တိုးတက်သွားတာက အဲဒီအကူအညီတွေကို စီမံခန့်ခွဲနေတဲ့ အလှူရှင်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ သူတို့ အထောက်အပံ့ရနေတဲ့သူတွေဖြစ်တယ်ဆိုပြီး ရေးသားထားပါတယ်။ နိုင်ငံတကာအကူအညီပေးရေးစနစ်ကြီးက ရှုပ်ထွေးကြီးမား ကျယ်ပြန့်တာကြောင့် အသေးစိတ်မြင်အောင် မကြည့်နိုင်ပေမယ့် ဒုတိယကမ္ဘာစစ်ကြီးပြီးကတည်းက အသွင်အမျိုးမျိုးနဲ့ ပေါ်ထွက်လာတဲ့ နိုင်ငံတကာအကူအညီတွေဟာ အခုဆို ဒုတိယကမ္ဘာစစ်ကြီးပြီးခဲ့တာပဲ နှစ်ပေါင်း ၈၀ ရှိခဲ့ပြီ။ သူတို့ရည်မှန်းချက်ဖြစ်တဲ့ ကမ္ဘာတစ်လွှား ဆင်းရဲမွဲတေမှုလျော့ချရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုတာတွေဖြစ်မလာဘဲ ကမ္ဘာတစ်လွှား စစ်မက်ပဋိပက္ခတွေ၊ ရွှေ့ပြောင်းနေထိုင်သူတွေ၊ ဒုက္ခသည်တွေသာ တိုးလာတယ်ဆိုပြီး သုံးသပ်ထားပါတယ်။

နှစ်ပေါင်း ၈၀ နေဉ်။ နည်းတဲ့နှစ်မဟုတ်ဘူး။ ကမ္ဘာကြီးကို ဆက်ညာနေဦးမလား၊ ကမ္ဘာကြီးကလည်း ဆက်အညာခံနေဦးမလားဆိုပြီး အမေးထုတ်ထားပါတယ်။ ကမ္ဘာမှာ အတော်ဆုံးသူတွေနဲ့ စုဖွဲ့ထားတဲ့ ကုလသမဂ္ဂတို့၊ အခြားထိပ်သီး နိုင်ငံတကာအဖွဲ့အစည်းကြီးတွေဟာ နိုင်ငံတကာအကူအညီ၊ လူသားချင်းစာနာမှုအကူအညီ ဗန်းပြပြီး ကမ္ဘာသူ ကမ္ဘာသားတွေကို အသိပညာ ခေါင်းပုံဖြတ်နေတဲ့သူတွေဖြစ်တယ်လို့လည်း ဝေဖန်ထားပါတယ်။

တစ်ဆက်တည်း အကျိုးစီးပွားဆိုတာတွေကို ထောက်ပြထားတယ်။ အဖွဲ့အစည်းတွေမှာ တာဝန်မရှိဘူး။ လူတွေမှာသာ တာဝန်ရှိတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေဟာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်လုပ်နေတယ်ဆိုတာ အကြောင်းပြပြီး အဲဒီအဖွဲ့အစည်းကလူတွေဟာ သူတို့အကျိုးစီးပွားအတွက် လစာတွေ ကောင်းကောင်းယူ၊ ခံစားခွင့်တွေ ကောင်းကောင်းယူ၊ ဥပဒေမူဘောင်တွေ တွင်တွင်ပြော၊ သူတို့အချင်းချင်းဆို လိုသလို အလျှော့အတင်းလုပ်၊ အလျှော့သင့်မယ့်သူတွေ လက်တစ်လုံးခြားခန့်ပြီး အဖွဲ့အစည်းအတွင်း တစ်ကျိတ်တည်း၊ တစ်ဉာဏ်တည်း၊ တစ်သံတည်းဖြစ်အောင် လုပ်ယူထားတဲ့ အကျိုးစီးပွားအခြေခံတဲ့ လူတန်းစားတစ်ရပ်သာဖြစ်တယ်ဆိုပြီး ရေးသားထားပါတယ်။

တကယ်လို့ အဲဒီ နိုင်ငံတကာလူသားချင်းစာနာမှုတွေ၊ ဖွံ့ဖြိုးတိုးတက်ရေးတွေ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေသာ စိတ်ရင်းမှန်ရင် သူတို့လစာတစ်ဝက်လျှော့၊ ခံစားခွင့်တွေလျှော့ပြီး အလုပ်လုပ်ကြမလားဆိုရင် အသံတွေ တိတ်နေကြပါလိမ့်မယ်။ အဲဒီလို လစာတစ်ဝက်လျှော့တယ်ဆိုရင်တောင် သာမန်နိုင်ငံသားတွေ လစာထက် ပိုနေပါသေးတယ်။ လစာတစ်ဝက်နဲ့ သူတို့မလုပ်လည်း လုပ်မယ့်သူတွေ အများကြီးရှိပါတယ်။ အလုပ်ခန့်တာကအစ UN လို အဖွဲ့အစည်းကြီးတွေမှာ အတွင်းအဆက်အသွယ်က အဓိကဖြစ်ပြီး နောက်ဆုံးအလုပ်ရတဲ့သူတွေကလည်း သူတို့အလုပ်တည်မြဲရေးပဲ ဦးတည်သွားပြီး အဖွဲ့ကြီးဟာ အတွင်းမှာအချင်းချင်း အပြန်အလှန်ပံ့ပိုးတဲ့ အသင်းအဖွဲ့သဘောဖြစ်လာတယ်ဆိုပြီး ရေးသားထားပါတယ်။

အဖွဲ့အစည်းအတွင်းမှာ အားလုံးနဲ့ လိုက်လျောညီထွေဖြစ်စေဖို့သာ အဓိကဖြစ်လို့ အဲဒီလို နိုင်ငံတကာအဖွဲ့အစည်းတွေမှာ လုပ်ကိုင်ဆောင်ရွက်သူအများစုဟာ အသံတွေတိတ်လာတယ်။ ဖောက်ထွက်တင်ပြမှုတွေနည်းလာတယ်။ တသီးတသန့်လူတန်းစားတစ်ရပ်လို ဖြစ်လာတယ်လို့လည်း ထောက်ပြထားပါတယ်။ တင်ပြတဲ့အခါမှာလည်း အဖွဲ့အစည်း မူဝါဒနဲ့၊ အထက်လူကြီးတွေနဲ့ သဘောထားတူညီဖို့က အရေးကြီးလို့ ဘယ်သူမှဆန့်ကျင်ပြီး မတင်ပြကြဘဲ လိုက်လျောညီထွေရှိအောင်သာ တင်ပြကြရင်း တစ်ဖက်ပိတ်သဘော ဆန်လာတယ်လို့ ရေးသားထားပါတယ်။ နောက်ဆုံး နိုင်ငံတကာအဖွဲ့အစည်း အသိုင်းအဝိုင်းဟာ ကြီးကြပ်ထိန်းကွပ်မယ့်သူ မရှိတော့ဘဲ အချင်းချင်းသာယာအောင် မြှောက်ပင့်ပြောဆိုကြရင်း တသီးတသန့်ဆန်လာပြီး အချိန်တွေ သိပ်ကြာလာတဲ့အခါ လူတွေက နိုင်ငံတကာအဖွဲ့အစည်းတွေကို အဆိုးမြင်လာ၊ အခု ဘယ်မှာမဆို နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ထိရောက်မှုကို မေးခွန်းထုတ်လာကြပါတယ်။

## နိုင်ငံတကာအကူအညီဆိုတာ

အကူအညီဆိုတဲ့ သဘောတရားက မှီခိုတာပါပဲ။ ဒီနေရာကို အကူအညီပေးသွားတယ်။ နောက်တစ်နေရာက မရဘူးဆိုရင် မရတဲ့နေရာက မကျေနပ်ပါဘူး။ ဒီသင်တန်းမှာ လာတဲ့သူတွေကို တစ်နေ့ ငွေကျပ် ၅၀၀၀ ပေးတယ်၊ ၆၀၀၀ ပေးတယ်ဆိုရင် နောက်တစ်ခါ သင်တန်းမှာ ပိုက်ဆံမပေးရင် အယုံအကြည်မရှိတော့ပါဘူး။ နိုင်ငံတကာအကူအညီဆိုတာ အားလုံးက ငွေလမ်းခင်းနေတာပါပဲ။ ဒါကြောင့် သူတို့ (နိုင်ငံတကာအဖွဲ့အစည်းတွေ) မရှိတော့ဘူးဆိုရင် အဲဒီနိုင်ငံတကာအကူအညီရခဲ့တဲ့နေရာတွေက သက်ဆိုင်ရာအစိုးရကပေးတဲ့ အကူအညီကို မလိုချင်တော့ပါဘူး။

**နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာ နိုင်ငံတစ်နိုင်ငံမှာ တစ်သက်လုံးရှိနေမှာ မဟုတ်ဘူးလေ။ အစိုးရတွေက တစ်သက်လုံးရှိနေမှာဖြစ်တယ်။ ဒါကြောင့် လူထုက နိုင်ငံတကာအကူအညီတွေ မျှော်၊ အကူအညီအပေါ် မှီခိုရင်း ဆင်းရဲမွဲတေမှုက ကြီးမား၊ အစိုးရတွေက နိုင်ငံတကာ အဖွဲ့အစည်းတွေကို တင်းကျပ်လာရင် နိုင်ငံတကာအဖွဲ့အစည်းတွေက လူထုနဲ့အစိုးရကို ပါးပါးလေးရန်တိုက်ပေး၊ ပြီးရင် သူတို့က ပြန်ထွက်သွား၊ လူထုနဲ့ အစိုးရကြား မပြေလည်မှုက ကျန်ခဲ့၊ ဒီလိုနဲ့ အာဖရိကနိုင်ငံအချို့ နိုင်ငံတကာအကူအညီအောက်မှာ ဘာဖွံ့ဖြိုးမှုမှမလုပ်နိုင်ဘဲ အကူအညီမျှော်ရင်း နှစ်ပေါင်းများစွာ ဆင်းရဲသံသရာလည်နေတာ အခုထိပဲ**

*စာမျက်နှာ ၁၁ သို့*

## လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁) ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု၊ စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ။ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း - ၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ။ ဖုန်း - ၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း - ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ မိုး/ဇလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -



မှိုပွင့်၏အခြေတွင်အခွက်ပါရှိခြင်း၊ မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း၊ မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း၊ ထီးရွက်အောက်ပါးဟက်များဖြူခြင်း၊ မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း၊ အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ

စာမျက်နှာ ၁၀ မှ

အစိုးရက နိုင်ငံတကာလောက်တော့ ဘယ်ပေးနိုင်မလဲ။ ဟိုကတော့ နိုင်ငံတကာငွေကြေးနဲ့ဆိုတော့ ကောင်း ကောင်းပေးနိုင်တာပေါ့။

သို့သော် နိုင်ငံတကာအဖွဲ့အစည်းတွေဆိုတာ နိုင်ငံတစ်နိုင်ငံမှာ တစ်သက်လုံးရှိနေမှာ မဟုတ်ဘူးလေ။ အစိုးရတွေက တစ်သက်လုံးရှိနေမှာဖြစ်တယ်။ ဒါကြောင့် လူထုက နိုင်ငံတကာအကူအညီတွေမျှော်၊ အကူအညီအပေါ် မှီခိုရင်း ဆင်းရဲမွဲတေမှုက ကြီးမား၊ အစိုးရတွေက နိုင်ငံတကာအဖွဲ့အစည်းတွေကို တင်းကျပ်လာရင် နိုင်ငံတကာအဖွဲ့အစည်းတွေက လူထုနဲ့ အစိုးရကို ပါးပါးလေး ရန်တိုက်ပေး၊ ပြီးရင် သူတို့က ပြန်ထွက်သွား၊ လူထုနဲ့ အစိုးရကြား မပြေလည်မှုက ကျန်ခဲ့၊ ဒီလိုနဲ့ အာဖရိကနိုင်ငံအချို့ နိုင်ငံတကာအကူအညီအောက်မှာ ဘာဖွံ့ဖြိုးမှုမှ မလုပ်နိုင်ဘဲ အကူအညီမျှော်ရင်း နှစ်ပေါင်းများစွာ ဆင်းရဲသံသရာလည်နေတာ အခုထိပဲ။

**အပြစ်မဲ့တဲ့ပြည်သူတွေ သေတဲ့သူကသေ**

အချို့ဆို နိုင်ငံတကာ အကူအညီတင် မဟုတ်ဘူး။ နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းရေး တပ်တွေအထိ မျှော်ကြတာပေါ့။ UN ကို အလွန်အထင်ကြီးတာပေါ့။ နိုင်ငံတကာကို အတော်လေး အထင်ကြီးတာပေါ့။ ရဝမ်ဒါ (Rwanda) တို့၊ ဘော့စနီးယား (Bosnia) တို့မှာ UN တပ်တွေ (နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်တွေ) ရှိနေတဲ့တိုင် ပြည်တွင်းပဋိပက္ခတွေအတွင်း အပြစ်မဲ့ပြည်သူတွေ အတုံးအရုံး အသတ်ခံခဲ့ကြရတာ မဝေးတဲ့အတိတ်ကာလမှာ ရှိခဲ့ပါတယ်။ နောက်ဆုံးတော့ နိုင်ငံတကာအသိုက်အဝန်းက ပြန်လည်သုံးသပ်မှုတွေ၊ ပြစ်တင်ဝေဖန်မှုတွေ ပြုခဲ့ပေမယ့် အပြစ်မဲ့တဲ့ပြည်သူတွေ သေတဲ့သူကတော့ သေခဲ့ကြပါပြီ။ နိုင်ငံတကာအသိုက်အဝန်းဆိုတာ အချိန်တန်ရင်ထွက်သွားတာ၊ နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်တွေဆိုတာ အချိန်တန်ရင် ထွက်သွားတာပါပဲ။

သူတို့က အပြင်လူတွေ၊ တကယ် နောက်ဆုံးခံခဲ့ရတာက အတွင်းကလူတွေဖြစ်ပါတယ်။ နိုင်ငံတကာအကူအညီ မျှော်တဲ့သူတွေ၊ နောက်ဆုံးကိုယ့်ကိစ္စကိုယ်ပဲ ရှင်းရတာပါပဲ။ ရဝမ်ဒါဆိုရင် ၁၉၉၄ ခုနှစ် ဧပြီလကနေ ဇွန်လအထိ ရက် ၁၀၀ အတွင်းမှာ လူ ၈၀၀၀၀၀ လောက်အထိ အသက်ဆုံးရှုံးခဲ့တာနော်။ အစွန်းရောက် ဟူတူ (လူမျိုး) (Hutu) တွေက တွက်ဆီ (လူမျိုး) (Tutsi) တွေနဲ့ သဘောထားပျော့ပျောင်းတဲ့ ဟူတူတွေကိုတွေ့တဲ့နေရာ သတ်တာပဲ။ ဘာ UN မှ၊ ဘယ်နိုင်ငံတကာ အသိုင်းအဝိုင်းမှ ကြားမဝင်ခဲ့ပါဘူး။ လက်ပိုက်ကြည့်နေခဲ့ရပါတယ်။

**အရေးအကြောင်းဆို ကယ်မဲ့သူမရှိ**

နိုင်ငံတကာကို အားကိုးခဲ့ကြတဲ့ ရဝမ်ဒါပြည်သူတွေ ဘယ်လောက်ဝမ်းနည်းကြေကွဲဖို့ကောင်းလိုက်သလဲ။ ငါတို့ဆီမှာ UN တပ်တွေရှိနေပြီ၊ လုံခြုံပြီလို့ ထင်ခဲ့တဲ့သူတွေ အရေးအကြောင်းဆို ကယ်မယ့်သူမရှိ။ မည်သို့ပင် သမိုင်းဖြစ်စဉ်တွေရှိနေပါစေ၊ သက်ဆိုင်ရာအစိုးရတွေကို နာကြည်းမုန်းတီးနေတဲ့ အတိုက်အခံတွေ၊ အစုအဖွဲ့တွေကတော့ UN လာပါ၊ နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်တွေလာပါ တောင်းခံနေကြမှာပါပဲ။ UN တို့၊ နိုင်ငံတကာအသိုင်းအဝိုင်းတို့က ကူညီချင်တောင် သိပ်ဆိုးရွားပြင်းထန်နေတဲ့ အခြေအနေမှာ သူတို့လည်း များများစားစား မလုပ်နိုင်ပါဘူး။ ပြဿနာက အဲဒီလိုအခြေအနေမျိုးတွေ မဆိုးရွား၊ မပြင်းထန်အောင် UN တပ်တွေ ချထားခဲ့တယ်။ အနည်းဆုံး သက်ဆိုင်ရာပြည်သူလူထုကို ကာကွယ်ဖို့ပဲပေါ့။ မဟုတ်ရင် ဘာလို့ ဒီလောက် ကုန်ကျစရိတ်ကြီးမားတဲ့ UN တပ်တွေ ပို့ထားမှာလဲ။ ဒါပေမယ့် အမှန်တကယ် ထိန်းမနိုင်သိမ်းမရ ဆိုးရွားပြင်းထန်လာတဲ့အခါ ဘယ်သူမှ မကယ်နိုင်ပါဘူး။ နောက်ဆုံးကြားထဲက ပြည်သူလူထုခမျာ ကူရာမဲ့တော့တာပါပဲ။

နိုင်ငံတကာအကူအညီနဲ့ပတ်သက်ရင် စစ်တမ်းတွေ၊ ဆောင်းပါးတွေက အလျဉ်းသင့်သလို ထွက်လာနေတာပါပဲ။ သို့သော် ဂုဏ်သတင်းအင်မတန်ကြီးကျယ်ပြီး ရည်ရွယ်ချက်တွေ မွန်မြတ်လှတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကို ပြစ်တင်ဝေဖန်တဲ့ဆောင်းပါးတွေ ပေါ်ထွက်လာလည်း ခဏပါပဲ။ အကူအညီပေးရေးသတင်းတွေ၊ လူသားချင်းစာနာမှုသတင်းတွေ အောက်မှာပဲ ရေကန်ထဲ လှိုင်းလေး တဒင်္ဂပွက်သလို ပျောက်ကွယ်သွားတာပါပဲ။ အခုကတော့ ၂၀၂၅ အစမှာ အကြီးမားဆုံး ကမ္ဘာ့အလှူရှင်ဖြစ်တဲ့ အမေရိကန်နိုင်ငံမှာ နိုင်ငံတကာအကူအညီတွေအပေါ် အကောင်းမမြင်တဲ့ ဒေါ်နယ်ထရမ့် အာဏာရလာခြင်းက လှိုင်းလေး တဒင်္ဂပွက်သလိုမဟုတ်ဘဲ ကျောက်တုံးကြီး တစ်တုံး ပစ်ချလိုက်သလိုဖြစ်လာပါတယ်။

အခုဆို အရှေ့အလယ်ပိုင်း အရေးအခင်းက ပိုပြီးဆိုးလာနေပါတယ်။ ရုရှား-ယူကရိန်း စစ်ပွဲကလည်း ဆက်ပြီးသွားနေမယ့်သဘောမှာရှိပါတယ်။ ပါကစ္စတန်နဲ့ အိန္ဒိယ တင်းမာမှု၊ ထိုင်ဝမ် (ကျွန်း) အကျပ်အတည်းတွေကလည်း ဆက်လက်မြင့်တက်နေပါတယ်။ အချုပ်ဆိုရရင် လက်ရှိနိုင်ငံတကာအခြေအနေတွေက နိုင်ငံတကာအကူအညီတွေကို သိပ်မျက်နှာသာမပေးပါဘူး။ တင်းမာမှုတွေဟာ အချိန်မရွေး ပေါက်ကွဲထွက်လာနိုင်ပါတယ်။ တစ်နည်းပြောရရင် ၂၀၂၅ ခုနှစ်နဲ့ လာမယ့်နှစ်တွေဟာ နိုင်ငံတကာအဖွဲ့အစည်းတွေအတွက် စိန်ခေါ်မှုအထူးကြီးမားပြင်းထန်တဲ့ နှစ်များဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

# အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဖလား Gym ပေါင်းစုံ ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁**

အိုလံပစ်နေ့အထိမ်းအမှတ် အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဖလား Gym ပေါင်းစုံ ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် သုံးချီပွဲ၊ ၃ မိနစ်ထိုး ၂ မိနစ်နား တွဲဆိုင်း ၁၄ ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြရာ နိုင်ပွဲရှစ်ပွဲ၊ သရေပွဲခြောက်ပွဲကျခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်အောင်လွင်နှင့် အလုပ်အမှုဆောင်များ၊ လက်ဝှေ့ဝါသနာရှင်များ ကြည့်ရှုအားပေးကြပြီး အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။



အဖွဲ့ချုပ်ဖလား Gym ပေါင်းစုံပြိုင်ပွဲ၏ ရည်ရွယ်ချက်မှာ မျိုးဆက်သစ်ကစားသမားများ ပေါ်ထွန်းရေး၊ ရိုးရာလက်ဝှေ့၏ အနှစ်သာရအား ပေါ်ထွန်းရေး၊ အပျော်တမ်းဖြစ်စေ ဝါသနာအရဖြစ်စေ ရိုးရာလက်ဝှေ့ ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်မကစားဖူးသူများ ပွဲရရှိစေရေး၊ Gym များအနေဖြင့် ရိုးရာလက်ဝှေ့အားပိုမိုအားစိုက်၍ ရိုးရာလက်ဝှေ့ကစားသမားများ ပေါ်ထွက်လာစေရန်ဖြစ်သည့်အတွက် ပထမဦးစားပေးအနေဖြင့် တစ်ပွဲမျှ ကစားဖူးခြင်းမရှိသူများ၊ ဒုတိယအနေဖြင့် တစ်ပွဲကစားဖူးသူ၊ နှစ်ပွဲကစားဖူးသူများကို ရွေးချယ်ခဲ့ကြောင်း သိရသည်။ ပါဝင်ကြသည့် Gym များအနေဖြင့် နိုင်ပွဲသုံးမှတ် သရေတစ်မှတ် ရရှိမည်ဖြစ်ပြီး ဒီဇင်ဘာလနောက်ဆုံးပွဲတွင် လစဉ်ရခဲ့သော ရမှတ်အလိုက် အများဆုံးရမှတ်ရရှိသော Gym အား အဖွဲ့ချုပ်ဖလား ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# မြန်မာ ယူ-၂၂ အသင်းနှင့် တရုတ် ယူ-၂၂ အသင်း ခြေစမ်းပွဲယှဉ်ပြိုင်ကစား

**ရန်ကုန် ဇွန် ၁**

ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် ပထမခြေစမ်းပွဲအဖြစ် ဇွန် ၁ ရက် ညနေပိုင်းက တရုတ် ယူ-၂၂ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းနှင့် တရုတ် ယူ-၂၂ အသင်းတို့၏ ဒုတိယခြေစမ်းပွဲကို ဇွန် ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်နိုင်ငံ၌ တစ်ပတ်နီးပါး လာရောက်လေ့ကျင့်ခြင်းဖြစ်ကာ တရုတ် ယူ-၂၂ အသင်းနှင့် ကွင်းပိတ်ခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ-၂၃ ပြိုင်ပွဲ၊ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲနှင့် ထိုင်းဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

○ *ကျောဖုံးမှ*

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် လမ်းများပေါ်၌ လက်လုပ်မိုင်းများ တွေ့ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကားလမ်းမဘေးတစ်လျှောက်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်း (ပီပါမိုင်း၊ ရှေ့ထွက်မိုင်း)များကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရေးအတွက် စနစ်တကျ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းများအား တွေ့ရစဉ်။

# ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံးခဲ့ပြီး Kyaung Sayar Tharhtwe အသင်း ၁၁ ပွဲစလုံးအနိုင်ရပြီး ဦးဆောင်

**ရန်ကုန် ဇွန် ၁**

FIFA-MFF ယူ-၁၆ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ် ဖြစ်သည့် ပွဲစဉ် (၁၁)ကို ဇွန် ၁ ရက်က တောင်ဒဂုံဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ Kyaung Sayar Tharhtwe အသင်း ၁၁ ပွဲစလုံးအနိုင်ရပြီး ဦးဆောင်နေသည်။



Jullniss အသင်းနှင့် Avengers Junior အသင်း ယှဉ်ပြိုင်စဉ်။

ပွဲစဉ် (၁၁) တွင် SGF အသင်းက King Cobra အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ Jullniss အသင်းက Avengers Junior အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ Pacific Sun Far အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ Golden Boys အသင်းက မလိခအသင်းကို သုံးဂိုး-တစ်ဂိုး၊ Kyaung Sayar Thar-htwe အသင်းက Victoria အသင်းကို ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး FFU မင်းမဟော်အသင်းနှင့် TKA Star အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၁၁) တွင် Kyaung Sayar Tharhtwe အသင်းက ပထမအကျော့ ၁၁ ပွဲစလုံး အနိုင်ယူပြီး ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ပထမအကျော့ အပြီးတွင် Kyaung Sayar Tharhtwe အသင်းက ၃၃ မှတ်ဖြင့် ဦးဆောင်နေပြီး Pacific Sun far အသင်းက ၂၆ မှတ်၊ SGF အသင်းက ၂၅ မှတ်၊ Golden Boys အသင်းက ၂၁ မှတ်၊ Avengers Junior အသင်းက ၁၉ မှတ်၊ King Cobra အသင်းနှင့် Victoria အသင်းတို့က ၁၈ မှတ်စီ၊ Jullniss အသင်းက ၁၆ မှတ်၊ မလိခအသင်းက ကိုးမှတ်၊ TKA Star အသင်းက ငါးမှတ်၊ FFU မင်းမဟော်အသင်းက နှစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားသည်။

**သော်လေး၊ ဓာတ်ပုံ-MFF**

# MNL ယူ- ၂၁ လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲပြန်ရပြီး ရတနာပုံနှင့် ဟံသာဝတီ သရေကျ

**ရန်ကုန် ဇွန် ၁**

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) တတိယနေ့ကို ဇွန် ၁ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲပြန်ရပြီး ရတနာပုံနှင့် ဟံသာဝတီယူနိုက်တက်အသင်း သရေကျသည်။



ရန်ကုန်ယူနိုက်တက်အသင်းနှင့် Junior Lions အသင်း ယှဉ်ပြိုင်စဉ်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Junior Lions အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီး နိုင်ပွဲပြန်ရခဲ့သည်။ ထိပ်ဆုံးမှ ဒဂုံစတားယူနိုက်တက်အသင်း နိုင်ပွဲပျောက်ဆုံးမှုကို ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်း အပြည့်အဝ အသုံးချခဲ့ပြီး တစ်မှတ်အကွာဖြင့် ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၄၊ ၂၆ မိနစ်တွင် ဇော်ဘိုဘိုထွဋ်၊ ၂၄ မိနစ်တွင် မောင်တော့ပ်တို့က သွင်းယူပြီး Junior Lions အသင်းအတွက် ဂိုးများကို ၁၇ မိနစ်တွင် သော်ဇင်ကိုနှင့် ၈၅ မိနစ်တွင် စိုင်းဘိုဘိုကျော်တို့က သွင်းယူခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ရာ ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းအတွက် ပထမဆုံး သရေပွဲဖြစ်ခဲ့သည်။

ပွဲစဉ် (၆) နောက်ဆုံးနေ့ကို ဇွန် ၂ ရက်တွင် ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် Falcon အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ ဓာတ်ပုံ-MNL**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စစ်ကိုင်းမြို့တွင် ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများကို သက်သာသောဈေးနှုန်းများဖြင့် ၆၂ ရက်မြောက်အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ



**နေပြည်တော် ဇွန် ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများကို စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ဇွန် ၁ ရက်တွင် ၆၂ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ် ဇွန် ၁ ရက်တွင် စစ်ကိုင်းမြို့အတွင်း ဝန်ထမ်းများနှင့်ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) သုံးအိတ်၊ စားအုန်းဆီ ၅၅ ပိဿာ၊ ဆားလေးပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိနှစ်ပိဿာ၊ ငါးနီတူခြောက်တစ်ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ရှစ်ပိဿာနှင့် အသားတုနှစ်ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၁ ရက်အထိ သေဆုံးသူ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်၊ အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်၊ အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၃၁ ရက် ညနေ ၅ နာရီမှ ဇွန် ၁ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံ Shanghai United Cell Biotechnology Co.,Ltd.မှ လှူဒါန်းသည့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (အလေးချိန် ၂ ဒသမ၅ တန်) ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့သည့် ကာကွယ်ဆေးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ သမဝါယမအသင်းများက စိုက်ပျိုးသည့် နွေစပါးများထွက်ရှိ

**ဧရာဝတီ ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးထားသည့် နွေစပါးများကို ရိတ်သိမ်းလျက်ရှိရာ ဇလွန်မြို့နယ်တွင် စိုက်ပျိုးထားသည့် ဆင်းသုခစပါး စိုက်ဧက ၁၀၀၊ အိမ်မဲမြို့နယ်တွင် စိုက်ပျိုးထားသည့် သီးထပ်ရင်စပါး စိုက်ဧက ၂၀၀၊ ဝါးခယ်မမြို့နယ်တွင် စိုက်ပျိုးထားသည့် နယူးရော၊ ရက်(၉၀)စပါးစိုက်ဧက ၇၂၅ ဧက၊ ဓနုဖြူမြို့နယ်တွင် စိုက်ပျိုးထားသည့် GW-11 စပါးစိုက်ဧက ၇၀၀၊ ဒေးဒရဲမြို့နယ်တွင် စိုက်ပျိုးထားသည့် ရက်(၉၀) စပါးစိုက်ဧက ၅၀၀ နှင့် လပွတ္တာမြို့နယ်တွင် စိုက်ပျိုးထားသည့် ရက်(၉၀) စပါးစိုက်ဧက ၂၁၀ တို့ကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ပျမ်းမျှ တင်း ၁၀၀ ကျော်ခန့် ထွက်ရှိကြောင်း သိရှိရသည်။



**သတင်းစဉ်**

❑ *ကျော်ဖုံးမှ*

ပီအက်စ်ဂျီအသင်းသည် အင်တာမီလန်အသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးထိန်းချုပ်ကစားနိုင်ခဲ့ပြီး အရေးပါသည့် သွင်းဂိုးများ သွင်းယူကာ သမိုင်းဝင်နိုင်ပွဲတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက်အင်တာမီလန်အသင်းသည် ပီအက်စ်ဂျီအသင်း၏ဖိအားပေးမှုအောက်ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ထိုးဖောက်တိုက်စစ်ဆင်မှုအချို့သာ ပြုလုပ်နိုင်ခဲ့သည်။

အင်တာမီလန်အသင်းသည် ၂၀၂၃ ခုနှစ်က ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက်မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ဖလားဆွတ်ခူးခွင့် လွဲချော်ထားသည်။ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးသွင်းရယူနိုင်ခဲ့သော ဒိုအီသည် ၁၉၉၅ ခုနှစ်က ပက်ထရစ်ကလွိုက်ဗက်၊ ၂၀၀၄ ခုနှစ်က ကားလို့စ် အယ်ဘတ်တိုတို့ပြီးနောက် အသက် ၁၉ နှစ်နှင့် ၃၆၂ ရက်ဖြင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ဂိုးသွင်းယူနိုင်သည့် ဒုတိယမြောက် ဆယ်ကျော်သက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ဟာကီမီ၊ ဒိုအီ၊ ခါဗီချာနှင့် ယာယူလူတို့က သွင်းယူပေးခဲ့သည်။

ထို့အပြင် ပီအက်စ်ဂျီအသင်းနည်းပြ လူးဝစ်အင်းနရစ်သည် ၂၀၁၅ ခုနှစ်က ဘာစီလိုနာအသင်းနှင့် ဖလားဆွတ်ခူးပြီးနောက် ကလပ်အသင်းနှစ်သင်းနှင့် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်သည့် ဆဋ္ဌမမြောက်နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် လီဗာပူး၊ အက်စ်တွန်ဗီလာ၊ အာဆင်နယ်အသင်းတို့ကို အဆင့်ဆင့်ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင်လည်း နာမည်ကြီး အင်တာမီလန်ကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးအောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ၂၀၂၅ ခုနှစ်၊ ဇွန်လ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁**

အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၉ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၈၅ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၃၁ မီလီမီတာမှ ၄၁ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ပြည့်ဝ)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

## တောင်ကိုရီးယား သမ္မတရွေးကောက်ခံကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးရေးခရီးစဉ် လှည့်လည်

**ဆိုးလ် ဇွန် ၁**

တောင်ကိုရီးယား သမ္မတရွေးကောက်ပွဲမတိုင်မီ အာဏာရပါတီနှင့် အတိုက်အခံပါတီများမှ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးခရီးစဉ်ကို ဇွန် ၁ ရက်က လှည့်လည် ပြုလုပ်သည်။

ဇွန် ၃ ရက်တွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် အဓိကပြိုင်ဘက်နှစ်ဦးမှာ အကြီးဆုံးအတိုက်အခံ ဒီမိုကရက်တစ်ပါတီမှ လီဂျယ်မြောင်နှင့် အာဏာရပြည်သူ့အင်အားပါတီမှ ကင်မွန်းဆူးတို့ ဖြစ်သည်။ လီဂျယ်မြောင်က ဘူဆန်နှင့်ဒယ်ဂူးဒေသများသို့ သွားရောက်ခဲ့ပြီး နိုင်ငံအတွင်း သဘောထားကွဲလွဲမှုများကို ကျော်လွှားရာတွင် အားလုံးညီညွတ်ရေး ကူညီမည်ဖြစ်ကြောင်း၊ ဒေသန္တရစီးပွားရေးကို အရှိန်မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံမှုဘဏ်တစ်ခု တည်ထောင်ခြင်းကဲ့သို့သော နည်းလမ်းများဖြင့် စီးပွားရေးလုပ်ငန်းများကို ပြန်လည်ရှင်သန်စေမည်ဟု ကတိပြုထားသည်။ကင်မွန်းဆူးက မြို့တော်ဆိုးလ်အပါအဝင် ယခင်က မြို့တော်ဝန်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ဂယောင်ဂီးပြည်နယ်စသည့်ဒေသများသို့ သွားရောက်ခဲ့သည်။

၎င်းက တက္ကသိုလ်ကျောင်းသားများ အလုပ်ရှာဖွေရခက်ခဲနေသည့် အခြေအနေကို ဖြေရှင်းပေးမည်ဟု ကတိပြုခဲ့ပြီး မြို့ပြသယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးမည်ဟု ကတိပြုထားသည်။

**အင်န်အိတ်ချ်ကေ**



ဒီမိုကရက်တစ်ပါတီမှ လီဂျယ်မြောင်နှင့် အာဏာရပြည်သူ့အင်အားပါတီမှ ကင်မွန်းဆူး။

## အန်ကောဝပ်မှ ယခုနှစ်ပထမငါးလတွင် ဝင်ငွေ ဒေါ်လာ ၂၄ ဒသမ ၅ သန်း ရရှိ

**ဖနောင်ပင် ဇွန် ၁**

ကမ္ဘောဒီးယားနိုင်ငံ၏ အထင်ကရ အန်ကောဝပ် ရှေးဟောင်းအမွေအနှစ် ဥယျာဉ်သည် ၂၀၂၅ ခုနှစ် ပထမငါးလတွင် လက်မှတ်ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ သန်း ရရှိခဲ့ပြီး ယမန်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၁၀ ဒသမ ၆ ရာခိုင်နှုန်း တိုးလာသည်ဟု ဇွန် ၁ ရက်က ထုတ်ပြန်သည်။

ယူနက်စကိုစာရင်းဝင် အန်ကောဝပ်သည် ယခုနှစ် ဇန်နဝါရီမှ မေလအတွင်း နိုင်ငံတကာ ခရီးသွား ၅၂၇၅၇၇ ဦး ဝင်ရောက်ခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။



ယခုနှစ် မေလတစ်လတည်းတွင် ရှေးဟောင်းအမွေအနှစ်ဥယျာဉ်သို့ ပြည်ပခရီးသည် ၅၂၇၆၇ ဦးရောက်ရှိခဲ့ပြီး ဝင်ငွေ ဒေါ်လာ ၂ ဒသမ ၃၆ သန်းရရှိခဲ့ကာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ခရီးသည် ဝင်ရောက်မှုနှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဝင်ငွေ ရရှိမှုနှုန်း ၃ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

ဆီရမ်ရိပ်ပြည်နယ် အနောက်မြောက်ပိုင်းတွင် တည်ရှိပြီး ၄၀၁ စတုရန်းကီလိုမီတာ ကျယ်ဝန်းသော အန်ကောဝပ်ရှေးဟောင်းအမွေအနှစ်ဥယျာဉ်သည် ၉ ရာစုမှ ၁၃ ရာစုအတွင်း တည်ဆောက်ခဲ့သည့် ရှေးဟောင်းဘုရားကျောင်း ၉၁ ခု စုစည်းရာနေရာတစ်ခုဖြစ်သည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံ၌ ယမန်နှစ်တွင် လုပ်ငန်းခွင်မတော်တဆမှုကြောင့် နိုင်ငံခြားလုပ်သား ၆၀၀၀ ကျော် ထိခိုက်ဒဏ်ရာရ

**တိုကျို ဇွန် ၁**

၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လုပ်ငန်းခွင်မတော်တဆမှုကြောင့် နိုင်ငံခြားလုပ်သား ၆၀၀၀ ကျော် ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့သည်ဟု ဂျပန်အစိုးရ စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ ယင်းကဲ့သို့ နိုင်ငံခြားလုပ်သား ထိခိုက်သေဆုံးမှုမှာ ၁၃ နှစ်ဆက်တိုက် မြင့်တက်လာခြင်းဖြစ်သည်။

ယမန်နှစ်က လုပ်ငန်းခွင်မတော်တဆမှုကြောင့် နိုင်ငံခြားလုပ်သား ၃၉ ဦး သေဆုံးကြောင်း အလုပ်သမားဝန်ကြီးဌာနက ပြောသည်။ ထို့ပြင် သေဆုံးသူများအပါအဝင် နိုင်ငံခြားသားများအနက် ထိခိုက်ဒဏ်ရာရရှိသူ ပေါင်း ၆၂၄၄ ဦးရှိကြောင်း သိရသည်။ အဆိုပါ အရေအတွက်မှာ ယခင်နှစ်ကထက် ၅၇၂ ဦး တိုးပြီး ၁၃ နှစ်ဆက်တိုက်မြင့်တက်လာခြင်းဖြစ်သည်။ ဂျပန်လူမျိုးများအပါအဝင် ဂျပန်နိုင်ငံရှိ အလုပ်လုပ်ကိုင်သူ အယောက် ၁၀၀၀ တွင် လုပ်ငန်းခွင်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးသူအရေအတွက်မှာ ၂ ဒသမ ၃ ယောက်နှုန်းရှိသည်ဟု ဆိုသည်။ မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတွေ့အကြုံနည်းပါးခြင်း၊ ဆက်သွယ်မှုအားနည်းခြင်းနှင့် ဘာသာစကားအခက်အခဲရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောသည်။

ထို့ပြင် လုပ်ငန်းခွင်အန္တရာယ်များနှင့်ပတ်သက်ပြီး ပညာပေးသင်ထောက်ကူပစ္စည်းများ အသုံးပြုကာ နိုင်ငံခြားသားလုပ်သားများအား ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းပို့ချပေးရန် အဆိုပါ ဝန်ကြီးဌာနက ကုမ္ပဏီများကို တိုက်တွန်းထားသည်။ ပြီးခဲ့သည့် အောက်တိုဘာလကုန်အထိ ဂျပန်နိုင်ငံတွင် အလုပ်လုပ်သော နိုင်ငံခြား လုပ်သားအရေအတွက်မှာ စံချိန်တင် ၂ ဒသမ ၃ သန်းကျော်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ယူဂန္ဒာက တောင်ဆူဒန်နိုင်ငံ ပဋိပက္ခဖြစ်ပွားရာဒေသများသို့ စားနပ်ရိက္ခာ မက်ထရစ်တန် ၆၀၀ လေကြောင်းမှ ချပေး

**ကမ်ပါလာ ဇွန် ၁**

ယူဂန္ဒာတပ်မတော်သည် တောင်ဆူဒန်နိုင်ငံ အက်ပါးနိုင်းလ်ပြည်နယ်ရှိ ဒေသအများအပြားကို ဦးတည်ကာ မရှိမဖြစ် လိုအပ်သည့် စားနပ်ရိက္ခာ မက်ထရစ်တန် ၆၀၀ ကို လေကြောင်းမှ ချထားပေးခဲ့ကြောင်း မေ ၃၁ ရက်တွင် ပြောသည်။

ယာယီစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ခရစ္စမာဂီဇီက ဆင်ဟွာသတင်းဌာနကို တယ်လီဖုန်းမှတစ်ဆင့် ပြောကြားရာတွင် ယူဂန္ဒာပြည်သူ့ကာကွယ်ရေး လေတပ်သည် နိုင်ငံတကာမိတ်ဖက်များက ထောက်ပံ့ပေးထားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများကို တောင်ဆူဒန်နိုင်ငံ ဂျူးဘားနိုင်ငံတကာလေဆိပ်မှ ပဋိပက္ခအပြင်းထန်ဆုံးထိခိုက်ခံစားရသည့် အူလန်းဂ်နှင့် နာဆာရ်ဒေသများသို့ လေကြောင်းဖြင့် သယ်ယူပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

မတ်လတွင် တောင်ဆူဒန် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့တစ်ခုတို့အကြား ပြင်းထန်သည့် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ လက်နက်ကိုင်အဖွဲ့သည် ဒုတိယသမ္မတ ရိခ်မာချာ ဦးဆောင်သည့် တောင်ဆူဒန် ပြည်သူ့လွတ်မြောက်ရေးလှုပ်ရှားမှုအတိုက်အခံပါတီနှင့် ဆက်စပ်မှုရှိသည်ဟု အစိုးရက ပြောကြားထားသည်။ လက်ရှိတွင် ရိခ်မာချာကို နိုင်ငံ၏ မြို့တော်ဂျူးဘားတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ယခုနှစ်အစောပိုင်းတွင် လက်နက်ကိုင်အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ငတ်မွတ်မှုဘေးနှင့် ရင်ဆိုင်ကြုံတွေ့နေရသော နေရပ်စွန့်ခွာသူထောင်ပေါင်းများစွာရှိသည့် ဒေသများသို့ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း အရေးပေါ်စားနပ်ရိက္ခာများကို လေကြောင်းမှ ချထားပေးခဲ့ကြောင်း မာဂီဇီက ပြောသည်။

**ဆင်ဟွာ**

## ဆိုးလ်မြို့ မြေအောက်ရထားလိုင်းတွင် မီးစတင်ရှို့သူဟုသံသယရှိသူကို ဖမ်းဆီး

**ဆိုးလ် ဇွန် ၁**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ မြေအောက်ရထားလိုင်းတွင် မီးစတင်ရှို့သူဟု သံသယရှိသူ အမျိုးသားတစ်ဦးကို တောင်ကိုရီးယားရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်ဟု သိရသည်။

အဆိုပါအမျိုးသားမှာ အသက် ၆၀ ခန့်ရှိပြီး မေ ၃၁ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ရထားအတွင်း မီးစတင်လောင်စေခဲ့သူဟု ယွန်ဟပ် သတင်းအေဂျင်စီ တွင်ဖော်ပြထားသည်။ အဆိုပါသံသယရှိသူအမျိုးသားကို အနီးဝန်းကျင်ရှိဘူတာရုံတွင် ဖမ်းမိခဲ့သည်။ ခရီးသည်ပေါင်း ၄၀၀ ကို ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရပြီး မြေအောက်ရထားလိုင်းအော်ပရေတာက ရထားဝန်ဆောင်မှုလုပ်ငန်းကို ယာယီရပ်ဆိုင်းခဲ့ရသည်။

၎င်းတို့ထဲမှ ၂၁ ဦးမှာ မီးခိုးငွေ့ရှူရှိုက်မိခြင်းနှင့် အခြားသောဒဏ်ရာများကြောင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ယွန်ဟပ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ မိနစ် ၉၀ အကြာတွင်မီးငြိမ်းသွားသည်ဟုသိရသည်။ အဆိုပါ အမျိုးသားသည် လောင်စာဆီပုံးဖြင့် ရထားပေါ်တက်ခဲ့ပြီး အဝတ်အစားအပိုင်းအစများကို မီးစတင်ရှို့ခဲ့သည်ဟု မျက်မြင်သက်သေများ၏ပြောကြားချက်ကို ကိုးကားကာ ဖော်ပြထားသည်။

ထိုသို့ဖြစ်ပွားရခြင်း၏အကြောင်းရင်းနှင့် အခြားသော အသေးစိတ်အချက်အလက်များကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

### နိုင်ငံတကာသတင်းတိုများ

#### နှစ်လအတွင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည်ငါးသိန်း နေရပ်ပြန်

ဧပြီလနှင့် မေလအတွင်း အိမ်နီးချင်းပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နစ္စတန်နိုင်ငံသို့ အာဖဂန်ဒုက္ခသည်ပေါင်း ငါးသိန်းကျော် နေရပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(ယူအင်န်အိတ်ချ်စီအာ)က ထုတ်ပြန်သည်။ ပြီးခဲ့သည့် နှစ်အတွင်း အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နိုင်ငံသား နှစ်သန်းကျော် နေရပ်ပြန်ရောက်လာခဲ့သည်ဟု ဆိုသည်။

**ဆင်ဟွာ**

#### အစ္စရေးက လက်ဘနွန်တောင်ပိုင်းကို လေကြောင်းတိုက်ခိုက်

အစ္စရေးက လက်ဘနွန်နိုင်ငံတောင်ပိုင်းကို ဇွန် ၁ ရက်တွင် လေကြောင်းတိုက်ခိုက်မှုနှစ်ကြိမ်ပြုလုပ်ခဲ့ရာ ဟစ်ဇ်ဘိုလာအဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အရပ်သား တစ်ဦးဒဏ်ရာရခဲ့သည်ဟု လက်ဘနွန်သတင်းအရင်းအမြစ်များအရ သိရသည်။

**ဆင်ဟွာ**

#### သီရိလင်္ကာ၌ လူပေါင်း ၁၀၀၀၀ ကျော် ဘေးဒဏ်သင့်

သီရိလင်္ကာနိုင်ငံရှိ ခရိုင် ၁၄ ခုတွင် ဇွန် ၁ ရက် နံနက်ပိုင်းအထိ ပြင်းထန်သော ရာသီဥတုဒဏ်ကိုလူပေါင်း ၁၀၀၀၀ ကျော် ခံစားခဲ့ရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန ဒီအမ်စီက ပြောကြားသည်။ ရာသီဥတုဆိုးရွားမှုဒဏ်ကြောင့် ၁၉ ဦး ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ပေါင်း ၂၇၁၁ လုံး ပျက်စီးခဲ့ရသည်။

**ဆင်ဟွာ**

# အစ္စရေး-ဟားမားစ်ပဋိပက္ခတွေကြောင့် ပါလက်စတိုင်းသေဆုံးမှုနှုန်း မြင့်တက်လာတဲ့ ဂါဇာကမ်းမြောင်ဒေသ

နွယ်နီလင်း

**ဂါဇာသို့ အာဟာရပစ္စည်းများ၊ ဂျုံမှုန့်၊ ဆေးဝါးနှင့် အခြားအရေးကြီးသော ကုန်ပစ္စည်းများအပါအဝင် သီတင်းပတ် ၁၁ ပတ်အကြာတွင် အကူအညီပစ္စည်းများ ရောက်ရှိလာသည်ဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့က ဆိုသည်။ ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရသည့် ဂါဇာကမ်းမြောင်ဒေသရှိ နေရာမျိုးစုံသို့ အကူအညီပစ္စည်းများ သယ်ဆောင်လာသည့် ထရပ်ကားများ ခါရမ်ရှလွန်/ခါရမ် အဘူဆာလမ် စစ်ဆေးရေးဂိတ်သို့ ဦးတည်လာသည်ဟု လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးဆိုင်ရာကုလသမဂ္ဂရုံး (အိုစီအိတ်ချ်အေ)က ဆိုသည်။**



ဂါဇာမြောက်ပိုင်း ဂျဘာလီယာဒုက္ခသည်စခန်း၌ မေ ၂၄ ရက်က အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့် မီးခိုးများထွက်ပေါ်နေသည်ကို တွေ့ရစဉ်။

ကမ္ဘာ့စားနပ်ရိက္ခာ၏ အကူအညီဖြင့် ဂါဇာတောင်ပိုင်းနှင့်အလယ်ပိုင်းတို့တွင် ပေါင်မုန့်ထုတ်လုပ်မှုများ ပြန်လည်စတင်နေပြီဟု အိုစီအိတ်ချ်အေက ပြောသည်။ အဆိုပါမုန့်ဖိုများမှာ ယခုအခါလုပ်ငန်းလည်ပတ်နေပြီး ပေါင်မုန့်များကို ဖြန့်ချိနေပြီဖြစ်သည်။

သို့သော်လည်း စုစုပေါင်း ရက် ၈၀ ကြာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို တားဆီးပိတ်ဆို့ထားသည့်အတွက် မိသားစုဝင်များမှာ ငတ်မွတ်ခေါင်းပါးမှုအန္တရာယ်နှင့် ရင်ဆိုင်နေရဆဲဖြစ်ပြီး ဂါဇာတစ်ဝန်းတွင် အကူအညီများ လိုအပ်နေသေးသည်ဟု အဆိုပါရုံးက ဆိုသည်။

အစ္စရေးတို့သည် ဟားမားစ်အုပ်စုကို ဖိအားပေးရန် မေ ၂ ရက်မှ စတင်ကာ ဂါဇာကမ်းမြောင်ဒေသကို ပိတ်ဆို့ပြီး မေ ၁၈ ရက်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ရောက်ခွင့်ပြန်လည်ခွင့်ပြုလိုက်ပြီဟု အစ္စရေးက ကြေညာခဲ့သည်။ အကူအညီပေးရေးပစ္စည်းများကို တင်ဆောင်လာသည့် ထရပ်ကား ၉၃ စီးမှာ မေ ၂၀ ရက်တွင် ဂါဇာဒေသသို့ စတင်ရောက်ရှိလာခဲ့သည်ဟု ကုလသမဂ္ဂက ပြောသည်။

ဂါဇာဒေသ၌ မတ်လအတွင်းမှ စတင်ကာ အစားအစာမလုံလောက်မှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များမှာ အာဟာရချို့တဲ့မှုနှင့် ကိုယ်ဝန်ပျက်ကျမှုများ ဖြစ်ခဲ့ရသည်။ ကုန်ပစ္စည်းတင်ပို့မှု ပမာဏကို ကန့်သတ်ထားပြီး ဂါဇာရှိ လူပေါင်း ၂ ဒသမ ၁ သန်း၏ လိုအပ်ချက် ပိုပြည့်မီရန် မလုံလောက်သေးဟု အိုစီအိတ်ချ်အေက ဆိုသည်။

လတ်ဆတ်သောအစားအစာ၊ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ၊ ရေသန့်စင်ဆေးများနှင့် လောင်စာဆီများကဲ့သို့သော အခြားအခြေခံအကူအညီပေးရေးပစ္စည်းများ ခွင့်မပြုသည်မှာ ရက်ပေါင်းများစွာ ကြာခဲ့သည်။

- **လူပေါင်း ငါးသိန်းခန့်မှာ ငတ်မွတ်ခေါင်းပါးမှုလမ်းကြောင်းပေါ်တွင် ရှိနေမှုနှင့်အတူ ဂါဇာတစ်ဝန်း ပြည်သူများမှာ အငတ်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရ**
- **လောင်စာဆီပြတ်လပ်မှုကြောင့် ဂါဇာဒေသ နေရာအချို့ရှိ ရေတွင်းများကို ပိတ်ထားရ**


ဂါဇာမြောက်ပိုင်း ဂျဘာလီယာ၌ ပါလက်စတိုင်းများ အစားအစာများရရှိရေး တိုးဝှေ့နေသည်ကို တွေ့ရစဉ်။

လူပေါင်း ငါးသိန်းခန့်မှာ ငတ်မွတ်ခေါင်းပါးမှုလမ်းကြောင်းပေါ်တွင် ရှိနေမှုနှင့်အတူ ဂါဇာတစ်ဝန်း ပြည်သူများမှာ အငတ်ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ပြောသည်။

ဂါဇာ၌ မကြာသေးမီရက်များအတွင်း ရွက်ဖျင်တဲများနှင့် လူများခိုလှုံရာ အဆောက်အအုံများ တိုက်ခိုက်ခံရမှုကြောင့် အများအပြားသေကျေမှုနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်)က ယခုရက်ပိုင်းအတွင်း ဂါဇာကမ်းမြောင်ဒေသတစ်လျှောက် ပစ်မှတ် ၇၅ ခုကျော်ကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါပစ်မှတ်များတွင် စစ်သွေးကြွများ၊ ဒုံးပစ်လောင်ချာများ၊ စစ်ဘက်ဆိုင်ရာ အဆောက်အအုံများ၊ လက်နက်သိုလှောင်ရုံများနှင့် အခြားသော စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများ ပါဝင်သည်။

အလားတူ ဇွန် ၁ ရက်နံနက်ပိုင်းတွင် ဂါဇာတောင်ပိုင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးစင်တာအနီး အစ္စရေးတို့၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း ၃၁ ဦးထက်မနည်း သေဆုံးပြီး ဒါဇင်နှင့်ချီသည့်လူများ အပြင်းအထန် ဒဏ်ရာရရှိသည်ဟု ပါလက်စတိုင်းသတင်းရင်းမြစ်များက ဆိုသည်။

အစ္စရေးလုံခြုံရေးအေဂျင်စီမှ ထောက်လှမ်းရေးအကူအညီဖြင့် လုပ်ဆောင်နေသော မြေပြင်တပ်ဖွဲ့များသည် နယ်မြေတစ်လျှောက်လုံးတွင် စစ်ဆင်ရေးများကို ဆက်လက်ပြုလုပ်နေသည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် လောင်စာဆီပြတ်လပ်မှုကြောင့် ဂါဇာဒေသ နေရာအချို့ရှိ ရေတွင်းများကို ပိတ်ထားရသည်ဟု အိုစီအိတ်ချ်အေက ဆိုသည်။ နိုင်ငံတကာဖိအားများပေးမှုများကြောင့် မကြာသေးမီရက်များအတွင်း အကူအညီပေးရေးထရပ်ကားအစီးရေ ၁၀၀ ခန့် ဂါဇာသို့ ဝင်ရောက်ခွင့်ပြုခဲ့သည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ အငတ်ဘေးမှာ နယ်မြေအနှံ့ပျံ့နှံ့သွားခဲ့သည်ဟု ကုလသမဂ္ဂက သတိပေးခဲ့သည်။ လာမည့်ရက်များအတွင်း အမေရိကန်ကုမ္ပဏီများက ဂါဇာရှိ ပါလက်စတိုင်းများဆီသို့ အစားအစာများ ပေးကမ်းဝေငှမည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဆိုသည်။

"အမေရိကကုမ္ပဏီတွေက ပါလက်စတိုင်းမိသားစုဝင်တွေဆီကို အစားအစာ တိုက်ရိုက်ဝေငှမယ်။ အဆိုပါအစားအစာတွေကိုမိမိတို့တပ်မတော်က လုံခြုံရေးယူထားပြီး ဖြန့်ဝေပေးသွားမယ်" ဟု နေတန်ယာဟုက ဗီဒီယိုထုတ်ပြန်ချက်တွင် ဆိုသည်။

အစ္စရေး-ဟားမားစ် ယာယီအပစ်အခတ်ရပ်စဲရေးကျိုးပွဲခဲ့သည့် မတ် ၁၈ ရက်မှစကာ အစ္စရေးက ၎င်းတို့၏စစ်ရေးလှုပ်ရှားမှုများကို ပြန်လည်စတင်သဖြင့် ပါလက်စတိုင်းသေဆုံးသူ ၄၁၄၉ ဦးနှင့် ဒဏ်ရာရရှိသူ ၁၂၁၄၉ ဦးရှိသည်။

ဂါဇာကမ်းမြောင်ဒေသ၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ စကာ အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၅၄၃၈၁ ဦး သေဆုံးပြီး ၁၂၄၀၅၄ ဦး ဒဏ်ရာရရှိကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ဇွန် ၁ ရက်တွင် ပြောသည်။ ။

**ကိုးကား - ဆင်ဟွာ**

# မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

*ပေါက်ပေါက်*

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန် ဆောင်းအကူးတွင် အဖြစ်များသည်။ ထို့ကြောင့် မိုးရာသီ၌ ဖြစ်ပွားမှုအများဆုံးရောဂါဟု ဆိုနိုင်ပါသည်။ အဆိုပါရောဂါသည် အသက်အရွယ်မရွေး အန္တရာယ်ရှိနိုင်ပြီး ကလေးသူငယ်များအတွက် ဆိုးရွားစွာ အသက်အန္တရာယ်ရှိနိုင်ကာ မြန်မာပြည်တွင် ဒုတိယအဖြစ်အများဆုံး ကလေးရောဂါတစ်ခု ဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ဝမ်းပျက်ဝမ်းလျှောရောဂါသည် တစ်နှစ်အောက် ကလေးများကို သေဆုံးစေသည့် တတိယမြောက် ရောဂါဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း နှစ်စဉ်ကလေး ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု ၁ ဒသမ ၇ ဘီလီယံ နီးပါးရှိကြောင်း၊ ထိုရောဂါကြောင့် နှစ်စဉ် အသက် ငါးနှစ်အောက်ကလေး လေးသိန်းကျော်နှင့် အသက် ငါးနှစ်မှ ကိုးနှစ်အကြား ကလေးငယ် ငါးသောင်းကျော်ကို သေဆုံးစေလျက်ရှိကြောင်း သိရသည်။ ထို့ကြောင့် မပေါ့ဆသင့်ပေ။

မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ၂၀၁၄ မှ ၂၀၁၈ ခုနှစ်အတွင်း တစ်နှစ်လျှင် အသက် ငါးနှစ်အောက်ကလေး ၁၀၀ တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူ ခြောက်ဦးမှ ၁၂ ဦး အထိရှိခဲ့သည်။ နှစ်စဉ်နှစ်တိုင်းမှာလည်း မိုးရာသီရောက်လျှင် လူဦးရေထူထပ်သော ဒေသများ၌ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားလေ့ရှိသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက နှစ်စဉ် မိုးဦးစကာလရောက်တိုင်း ဝမ်းပျက်ဝမ်းလျှောရောဂါကို ကျန်းမာရေးအသိ၊ သတိဖြင့် ကြိုတင်ကာကွယ်ထားကြရန် အသိပေးနှိုးဆော်လျက်ရှိသည်။

### ဝမ်းလျှောခြင်းနှစ်မျိုး

ဝမ်းလျှောခြင်းမှာ (က) ကာလတိုဝမ်းလျှောခြင်းနှင့် (ခ) ကာလရှည်ဝမ်းလျှောခြင်းဟူ၍ နှစ်မျိုးရှိသည်။ ကာလတိုဝမ်းလျှောခြင်းက နှစ်ရက်ခန့်အကြာတွင် ရပ်တန့်သွား၍ စိုးရိမ်ဖွယ်မရှိပေ။ ကာလရှည်ဝမ်းသွားခြင်းတွင် ဝမ်းလျှောသည့်အကြိမ်ရေ များပြားသည်နှင့်အမျှ ခန္ဓာကိုယ်ထဲမှာ ရေဓာတ်ဆုံးရှုံးသွားသဖြင့် အချိန်မီကုသမှု ခံယူသင့်ပါသည်။ နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်း၊ အစာအဆိပ်သင့်ခြင်းအပြင် သွေးပေါင်ထိုးကျသွားပြီး သတိလစ်ခြင်းအတွက်ပါ စိုးရိမ်ရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်နှင့်လမ်းများပေါ်ရှိ ရေဆိုးရေညစ်များနှင့်အတူ မိုးရေလျှံတက်လာသည်။ များမကြာမီ ရေပြန်ကျသွားသောအခါ အညစ်အကြေး အနည်အနှစ်များ တင်ကျန်ရစ်ခဲ့ပြီး Vibiro Cholerae (ခေါ်) ကာလဝမ်းရောဂါကို ဖြစ်စေတတ်သော ကူးစက်ရောဂါပိုးမွှားပေါက်ပွားမှု များပြားလာသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်လာရသည်။ ထိုရောဂါပိုးသည် ကူးစက်ခံရသူ၏ အူအတွင်းသို့ enterotoxin (ခေါ်) အဆိပ်ဓာတ်တစ်မျိုး ထုတ်လွှတ်ကာ ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်နှင့် ဆားဓာတ်များကို အချိန်တိုအတွင်း လျင်မြန်စွာ ဆုံးရှုံးစေသဖြင့် အသက်သေဆုံးသည်အထိ ပြင်းထန်စွာ ခံစားရနိုင်သည်။

ရောဂါပိုးပါဝင်သည့် ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့် လည်းကောင်း၊ မသန့်ရှင်းသောလက်စသည်တို့မှတစ်ဆင့်လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း၊ (ဥပမာ-မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း) စသည်တို့မှတစ်ဆင့် စားသောက်မိသူများအား အလွယ်တကူ ကူးစက်နိုင်ပြီး ထိုမှတစ်ဆင့် တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ပျံ့နှံ့ကူးစက်စေပါသည်။ မိုးရွာ၍ ရေကြီးစဉ် ထိုညစ်ညမ်းသောရေထဲဖြတ်လျှောက်သွားပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းကလည်း ရောဂါပိုး ကူးစက်ခံရရန် သေချာသလောက် ရှိနေပါသည်။

ရောဂါလက္ခဏာများမှာ နာရီပိုင်းအတွင်း ငါးညှီနံ့နံသော ဆန်ဆေးရေ အရောင်ကဲ့သို့ ဖြူကျဲကျဲ ဝမ်းအရည်များ အဆက်မပြတ်သွားခြင်း သို့မဟုတ် တစ်နေ့တည်းမှာပင် သုံးကြိမ်နှင့်အထက် ဝမ်းအရည်များစွာသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်မြန်ဆန်ခြင်း၊ ဝမ်းတွင်သွေးပါခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မှိန်း၍ ပျော့ခွေခြင်း၊ အရည်ကောင်းစွာ မသောက်နိုင်ခြင်း၊ ခံတွင်း၊ လျှာနှင့် နှုတ်ခမ်းများ ခြောက်၍ ရေအငမ်းမရသောက်ပြီးနောက် ထိုရေအတိုင်း ဝမ်းသွားခြင်း သို့မဟုတ် ပြန်အန်ထွက်ခြင်း၊ အရေပြား၏ ကျုံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်း စသည့်ရောဂါလက္ခဏာများ ပြနေပါက ဓာတ်ဆားရည် များများသောက်ပြီး နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အချိန်မဆိုင်းဘဲ သွားရောက်ပြသင့်သည်။

### ကြိုတင်ကာကွယ်နိုင်သည့်ရောဂါ

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကြိုတင်ကာကွယ်နိုင်သော ရောဂါဖြစ်ပါသည်။ ရောဂါဖြစ်စေတတ်သော ပိုးမွှားများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် မိမိတို့၏ လက်မှတစ်ဆင့် ကူးစက်ခြင်း ဖြစ်သည်။ စနစ်တကျလက်ဆေးခြင်းဖြင့် လူအချင်းချင်း ကူးစက်မှုများ၊ ဆေးရုံ၊ ဆေးခန်းများမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို သိသာစွာ လျှော့ချနိုင်ပါမည်။

လက်ကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောခြင်း(လက်သန့်ခြင်း)သည် ရောဂါအများအပြားကို ကာကွယ်နိုင်သည်။ အိမ်တွင် အစားအစာ ချက်ပြုတ်သူများနှင့် အစားအစာရောင်းချသူများ လက်မသန့်ရှင်းပါက မိသားစုတစ်စုမှသည် လူပေါင်းရာနှင့်ချီ၍ ရောဂါရရှိနိုင်ပြီး ကပ်ရောဂါအသွင် ကူးစက်ကာ သေဆုံးနိုင်သည်အထိ အန္တရာယ်ရှိသည်။ လက်တွင်ကပ်ပါလာနိုင်သည့် မစင်အညစ်အကြေး အနည်းငယ် (တစ်ဂရမ်) တွင်ပင် လူကို ရောဂါဖြစ်၍ သေစေနိုင်သည့် ဗိုင်းရပ်စ် ၁၀ သန်းခန့်၊ ဗက်တီးရီးယား တစ်သန်းခန့်၊ သန်ကောင်နှင့် ဝမ်းကိုက်ပိုးကဲ့သို့ ကပ်ပါးရောဂါပိုး ၁၀၀၀ ခန့်၊ သန်းဥကဲ့သို့သော ကပ်ပါးရောဂါပိုးဥပေါင်း ၁၀၀ ခန့် ပါဝင်နေသည်။ လက်တွင်ကပ်ပါလာနိုင်သည့် အညစ်အကြေးနှင့် ရောဂါပိုးများသည် လက်နှင့်ကိုင်တွယ် ထိတွေ့နိုင်သည့် အရာအားလုံးတို့တွင်လည်း ကပ်ငြိနေနိုင်သည့်အတွက် လက်ကိုစင်ကြယ်စွာ ဆေးကြောခြင်းက ရောဂါများစွာတို့ကို ကာကွယ်ပြီးသား ဖြစ်စေပါသည်။


### နှစ်စဉ်သေဆုံးမှုများပြား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် အန္တရာယ်ရှိသော ဗက်တီးရီးယား၊ ဗိုင်းရပ်စ်များ၊ ကပ်ပါးပိုးများ သို့မဟုတ် ဓာတုပစ္စည်းများပါရှိသော အစားအစာများသည် ဝမ်းပျက်ခြင်းမှ ကင်ဆာအထိ အမျိုးမျိုးသောရောဂါပေါင်း ၂၀၀ ကျော်ကို ဖြစ်စေနိုင်ကြောင်း၊ အစားအသောက် မသန့်ရှင်းရာမှ ဖြစ်ပေါ်လာသော ရောဂါများကြောင့် နှစ်စဉ် အသက် ငါးနှစ်အောက်ကလေး သေဆုံးမှု ၁၂၅၀၀၀ ဝန်းကျင်ရှိကြောင်းနှင့် ခန့်မှန်းခြေအားဖြင့် လူဦးရေ သန်း ၆၀၀ ခန့် သို့မဟုတ် လူ ၁၀ ဦးလျှင် တစ်ဦးသည် မသန့်ရှင်းသော အစားအစာကို စားသုံးမိသဖြင့် နှစ်စဉ် လူပေါင်း ၄၂၀၀၀၀ သေဆုံးနေကြောင်း သိရသည်။

ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် မသန့်ရှင်းသည့် အစားအစာများ၊ မသန့်ရှင်းသည့် သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ သန့်ရှင်းမှုအားနည်းသည့်လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြု ရှောင်ရှားရပါမည်။ သို့မဟုတ်ပါက နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်းနှင့် အစာအဆိပ်သင့်ခြင်းအတွက်ကိုပါ စိုးရိမ်ရသည်။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးငယ်များ၊ ကျောင်းနေအရွယ်ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ် စိုးရိမ်ရသည်။

ကာလတိုဝမ်းလျှောသည်ဖြစ်စေ၊ ကာလရှည်ဝမ်းလျှောသည်ဖြစ်စေ ဝမ်းရပ်တန့် သွားသော်လည်း နောက် ၁၀ ရက်ခန့်ကြာသည်အထိ နို့ထွက်ပစ္စည်းများဖြစ်ကြသော ချိစ်၊ ဒိန်ခဲ၊ မလိုင်၊ ပူတင်း၊ ကော်ဖီတို့ကို မစားသောက်သင့်ပေ။ အမျှင်ဓာတ်များသော အစားအစာများက အစာအိမ်နှင့် အူကို အလုပ်ရှုပ်စေနိုင်၍ ဝမ်းလျှောပြီးနောက် သုံးရက် လေးရက်ခန့်ကြာသည်အထိ မစားသင့်ပေ။ ရေဓာတ်ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းပေးသည့်အနေဖြင့် ရေကျက်အေး၊ သန့်စင်သည့်ရေနှင့် ဖျော်စပ်ထားသည့် ဓာတ်ဆားရည် (ORS) ကို သောက်သုံးပါ သို့မဟုတ် သီးစုံဓာတ်ဆားရည် သောက်ပါ။ အုန်းစိမ်းရည် သောက်ပါ။ ဒိန်ချဉ်စားပါ။ ဒိန်ချဉ်ထဲမှာပါရှိသော လက်တစ်အက်စစ်က အစာအိမ်နှင့် အူလမ်းကြောင်းထဲရှိ ဝမ်းသွားစေသော ဗက်တီးရီးယားပိုးများကို သေစေနိုင်သည်။ (ဒိန်ချဉ်ထဲကို သကြား၊ ထန်းလျက်ရည်မရောဘဲ ဖြစ်နိုင်ပါက သုံ့ချည်းစားပါ) အာဟာရအပြည့်မြန်ကာ မပျော့လွန်း မမာလွန်း ကစီဓာတ်ကြွယ်ဝသော အစားအစာများဖြစ်ကြသည့် ထမင်း၊ ဆန်ပြုတ်၊ စွပ်ပြုတ်၊ ခေါက်ဆွဲ၊ အာလူး၊ မုန်လာဥနီ၊ ကြက်သား၊ ငါး၊ ဘီစကွတ်မုန့် စားပေးနိုင်ပါသည်။

အချုပ်ဆိုသော် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားသည့်အတိုင်း “လက်သန့်၊ ရေသန့်၊ အစာသန့်၊ အိမ်သာသန့်” ဟူသော “သန့်လေးသန့်” ကို လိုက်နာခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။ အထူးသဖြင့် သရက်သီးမှည့်များ၊ ဒူးရင်းသီး၊ ပိန္နဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး၊ နာနတ်သီးနှင့် အမှည့်လွန်သောသစ်သီးများ လှိုင်လှိုင်ပေါများလေ့ရှိရာ အဆိုပါသစ်သီးမှည့်များကြောင့် ယင်ကောင်များလည်း ပေါများပေါက်ပွားလာကြရာ၊ ယင်ကောင်ပေါက်ပွားမှု နည်းပါးစေရေးအတွက် စားကြွင်းစားကျန်များအပါအဝင် အမှိုက်များကို စနစ်တကျစွန့်ပစ်ရပါမည်။ ထိုယင်နားစာများ သို့မဟုတ် မှိုတက်နေသော အစားအစာများကို စားမိခြင်းက ဝမ်းရောဂါကို မလွဲမသွေဖြစ်စေပါကြောင်းနှင့် အခန့်မသင့်ပါက အစုလိုက်အပြုံလိုက် ကာလဝမ်းရောဂါ ဖြစ်လာနိုင်သည်ကို သတိရှိကြရန် လိုကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်၍ စောစီးစွာ ကုသမှုခံယူသင့်ပါကြောင်း ထပ်ဆင့်အကြံပြုလိုက်ရပါသည်။ ။



❂ **ရောဂါဖြစ်စေတတ်သော ပိုးမွှားများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် မိမိတို့၏ လက်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်**

❍ **ကာလရှည်ဝမ်းသွားခြင်းတွင် ဝမ်းလျှောသည့် အကြိမ်ရေ များပြားသည်နှင့်အမျှ ခန္ဓာကိုယ်ထဲမှာ ရေဓာတ်ဆုံးရှုံးသွားသဖြင့် အချိန်မီကုသမှု ခံယူသင့်**

■ **ဝမ်းပျက်ဝမ်းလျှောရောဂါသည် တစ်နှစ်အောက်ကလေးများကို သေဆုံးစေသည့် တတိယမြောက်ရောဂါဖြစ်**

# ဒုတိယဝန်ကြီး ဦးထိန်လင်း စခန်းဝင်လေ့ကျင့်နေသောအားကစားအဖွဲ့များအား ကြည့်ရှုစစ်ဆေး ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လှေလှော်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်



**ရန်ကုန် ဇွန် ၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်းနှင့်အတူ မေ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်းရှိ Synthetic ပြေးလမ်းပါ ဘောလုံးလေ့ကျင့်ရေးကွင်း(၁)၌ ပြေးခုန်ပစ်ပြေးလမ်း ပြင်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး၍ ISPE FC ဘောလုံးအသင်းနှင့် Dagon Port FC ဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲ ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝူရှူးအားကစားလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ဝူရှူးအားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှု၊ ခြင်းလုံးလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ခြင်းလုံးအားကစားသမားများ လေ့ကျင့်နေမှု၊ ကရာတေးလေ့ကျင့်ရေးရုံ၌ ပဏာမလက်ရွေးစင် ကရာတေးအားကစားသမားများ စခန်းဝင် လေ့ကျင့်နေမှုများကို ကြည့်ရှု အားပေးပြီး အုပ်ချုပ်သူ/နည်းပြများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ ပိုက်ကျော်ခြင်း အားကစားရုံ၌ ပဏာမလက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှု၊ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပဏာမလက်ရွေးစင် ဘိလိယက်နှင့် စနူကာအားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ကျိုက္ကဆံကွင်းအတွင်းရှိ ပဏာမလက်ရွေးစင် အားကစားသမားများ ထားရှိရာ လေးထပ်အိပ်ဆောင်ရှိ စားရိပ်သာ၌ ပဏာမလက်ရွေးစင် အားကစားသမားများနှင့်အတူ ရင်းရင်းနှီးနှီး နေ့လယ်စာ အတူတကွသုံးဆောင်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လှေလှော် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲစဉ်များအဖြစ် မီတာ ၂၀၀ ပြိုင်ပွဲတွင် အမျိုးသား ၁၀ တက်လှေပြိုင်ပွဲ၊ အမျိုးသမီး ၁၀ တက်လှေပြိုင်ပွဲ၊ အမျိုးသမီး+အမျိုးသား ၁၀ တက်လှေပြိုင်ပွဲ၊ အမျိုးသမီး+အမျိုးသား တက် ၂၀ လှေပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး မီတာ ၅၀၀ ၁၀ တက်လှော်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၅၀၀ ၁၀ တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး+အမျိုးသား မီတာ ၅၀၀ ၁၀ တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး+အမျိုးသား မီတာ ၅၀၀ တက် ၂၀ လှော်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ ၁၀ တက်လှော်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ (၁၀)တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး+ အမျိုးသား မီတာ ၂၀၀ ၁၀ တက်လှော်ပြိုင်ပွဲ၊ အမျိုးသမီး+အမျိုးသား မီတာ ၂၀၀ တက် ၂၀ လှော်ပြိုင်ပွဲတို့တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိသောအသင်းများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသမီးတံခွန်စိုက်ဆု ရရှိသွားသော ရန်ကုန်တိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဆုဖလားကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းက အမျိုးသားတံခွန်စိုက်ဆုရရှိသွားသော ဧရာဝတီတိုင်းဒေသကြီး အသင်းအား တံခွန်စိုက် ဆုဖလားကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက စုပေါင်းတံခွန်စိုက်ဆု ရရှိသွားသော ဧရာဝတီတိုင်းဒေသကြီး အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**ကွမ်းခြံကုန်း ဇွန် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက



ကျေးလက်နေပြည်သူများ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ကျင်းပသည့် အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကြခတ်ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုသီတာလင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများဆောင်ရန် ရှောင်ရန် စသည့် အသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဟောပြောဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြခတ်ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြောင်း ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ၊

( ခ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ဂ ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

( င ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

( စ ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ဇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ဈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

( ဋ ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

( ဌ ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

( ဍ ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်အတွင်းရှိ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာများအတွက် သွင်းအားစုပေးအပ်ခြင်းနှင့် ကော်ဖီ၊ ကိုကိုးပျိုးပင်များ အခမဲ့ပေးအပ်ပွဲအခမ်းအနားကျင်းပ



**ကော့သောင်း ဇွန် ၁**
ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်းခရိုင်အတွင်းရှိ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာများ အတွက် သွင်းအားစုပေးအပ်ခြင်းနှင့် ကော်ဖီ၊ ကိုကိုး ပျိုးပင်များ အခမဲ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကော့သောင်းမြို့ မဏ္ဍူသကခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။ ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသန်းထိုက်က ကော့သောင်းခရိုင်နှင့် ဘုတ်ပြင်း ခရိုင်အတွင်းရှိ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာများအတွက် သွင်းအားစုပေးအပ်ခြင်းနှင့် ကော်ဖီ၊ ကိုကိုးပျိုးပင်များ အခမဲ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် နှင့် တိုင်းဒေသကြီးဝန်ကြီးများက တာဝန်ရှိသူများ အား သွင်းအားစုအနေဖြင့် ဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာ ဆောင်ရွက်နေသည့် ကော့သောင်းခရိုင်ရှိ ချောင်းဝကျေးရွာမှ တောင်သူ ၁၈ ဦး စိုက်ဧက ၈၅ ဧကအတွက် မျိုးစပါး GW–11 ၅၅ တင်း၊ ဆင်းသုခ တင်း ၃၀ နှင့် အောင်နိုင်တိုး ၁၀ တင်း၊ ဓာတ်မြေဩဇာ ၄၂ ဒသမ ၅ အိတ်၊ သဘာဝ မြေဩဇာအိတ် ၁၇၀၊ ဘုတ်ပြင်းခရိုင်ရှိ အောက်လိပ် ကျေးရွာမှ တောင်သူ ၄၅ ဦး စိုက်ဧက ၃၂၅ ဧက အတွက် ဆင်းသုခ တင်း ၃၀၀၊ ပေါ်ဆန်းရင် ၂၅ တင်း၊ ဓာတ်မြေဩဇာ ၁၆၅ အိတ်၊ သဘာဝမြေဩဇာအိတ် ၆၅၀ ကိုလည်းကောင်း၊ ကော့သောင်းခရိုင်ရှိ ကိုကိုး စိုက်ပျိုးသည့် အကျိုးဆောင်တောင်သူ ငါးဦးအတွက် ကိုကိုးပျိုးပင် ၇၀၀၀၊ ကော်ဖီစိုက်အကျိုးဆောင် တောင်သူ ၂၉ ဦးအတွက် ကော်ဖီပျိုးပင် ၄၀၀၀၀ နှင့် ဘုတ်ပြင်းခရိုင်ရှိ ကိုကိုးစိုက်ပျိုးသည့် အကျိုးဆောင် တောင်သူ ခုနစ်ဦးအတွက် ကိုကိုးပျိုးပင် ၈၀၀၀၊ ကော်ဖီစိုက်အကျိုးဆောင်တောင်သူ ငါးဦး အတွက် ကော်ဖီပျိုးပင် ၃၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူပညာပေးပြခန်းကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ



**ရန်ကုန် ဇွန် ၁**
၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံ မြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ မေ ၃၀ ရက်က ကျင်းပရာ ဒဂုံမြို့သစ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရွှေပြည်စိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးအပ်သော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ ဘောပင်များနှင့် ကျောင်းဝတ်စုံများကို ဒဂုံမြို့သစ်ခရိုင်ပညာရေးမှူး ဆရာကြီး ဦးငွေသူရနှင့် တာဝန်ရှိသူများကလည်းကောင်း မြို့နယ်အတွင်း အလှူရှင်များက လှူဒါန်းသော ဗလာစာအုပ်၊ ကျောင်းဝတ်စုံနှင့် ထီးများအား ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံယူကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**



## တာချီလိတ်မြို့၌ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**တာချီလိတ် ဇွန် ၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မြို့နယ်အဆင့် ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၉ ရက်က အခြေခံပညာအထက်တန်းကျောင်း(တာချီလိတ်)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းက အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင်ပညာရေးမှူး ဒေါ်ခင်ဝင်းကြည်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်မှူးကြီး ကျော်မင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာမျိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗိုလ်မှူးကြီး ကျော်မင်းထွန်းနှင့် ဇနီးတို့က ခရိုင်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးအတွက် ကွန်ပျူတာ လေးစုံကို ပေးအပ်လှူဒါန်းရာ ခရိုင်နှင့် မြို့နယ်ဒုတိယပညာရေးမှူးတို့က လက်ခံရယူကြောင်း သိရသည်။ **ကျော်ဇေယျာလင်း (ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာဆွေးနွေး



**စဉ့်ကိုင် ဇွန် ၁**
မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၏ အစီအစဉ်ဖြင့် စဉ့်ကိုင်မြို့နယ် တောမကျေးရွာအုပ်စု ပတ္တာကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယမန်နေ့က ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေး ဆွေးနွေး ပွဲကျင်းပသည်။

အဆိုပါ နည်းပညာပေးဆွေးနွေးပွဲသို့ တိုင်းမြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းချို၊ တိုင်းမျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသွင်၊ တိုင်းသီးနှံကာကွယ် ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းထက်၊ ခရိုင်လက်ထောက်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေး၊ ခရိုင်မြေအသုံးချရေး တာဝန်ခံဦးစီးအရာရှိ ဒေါ်မို့မို့စိုး၊ ခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ရီရီဌေးနှင့် စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်တို့က မိုးစပါးပန်းတိုင်အထွက် နှုန်းရရှိရေးနှင့် မျိုး၊ မြေ၊ ရေ၊ နည်း နည်းပညာများနှင့် ပတ်သက်၍ မျိုးကောင်း၊ မျိုးသန့်သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိန်ကိုက်အချိုးကျသုံးစွဲရေး၊ ပိုးမွှားရောဂါ၊ ပေါင်းမြက်ကာကွယ် နှိမ်နင်းခြင်းနှင့် ပိုးသတ်ဆေး စနစ်တကျသုံးစွဲရေးစသည့် နည်းပညာ များအား တောင်သူများသို့ ဆွေးနွေးပို့ချပြီး တက်ရောက်လာသော တောင်သူများကလည်း သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူ များက အသီးသီးပြန်လည်ဆွေးနွေးပြောကြားသည်။

မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းပညာပေးဆွေးနွေး ပွဲသို့ ဝန်ထမ်း ၁၉ ဦး၊ တောင်သူ ၇၅ ဦး စုစုပေါင်း ၉၄ ဦး တက်ရောက် ကြပြီး တိုင်း/ခရိုင် မြေ၊ မျိုး၊ ပိုး တာဝန်ခံများမှ နွေသီးနှံစိုက်ခင်းများသို့ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လက်ပံတန်းမြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုး

**လက်ပံတန်း ဇွန် ၁**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ မေ ၃၀ ရက်က ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိုက်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီအေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများမှ ကျွန်း၊ မန်ကျန်းရှား၊ မဲဇလီ၊ စိန်ပန်းကြီး၊ ငုရွှေဝါပင်တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **အောင်ဆင့်**



## ရွှေတောင်မြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

**ရွှေတောင် ဇွန် ၁**
ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် သစ်တောဦးစီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက သစ်တိုင်းကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာ ဝေဠုဝန်ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် တာဝန်ရှိသူများက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများထံသို့ ပျိုးပင်များ ပေးအပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးအောင်စက်ပိုင်နှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံပြည်သူများ ၁၅၀ ခန့်နှင့်အတူ ကျွန်းပင် ၇၀၊ ပိတောက်ပင် ၇၀၊ မဟော်ဂနီပင် ၇၀၊ ပျဉ်းကတိုးပင် ၇၀ နှင့် ခရေပင် ၂၀ စုစုပေါင်း ပျိုးပင် ပေါင်း ၃၀၀ တို့ကို စုပေါင်းစိုက်ပျိုးသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီဖွဲ့စည်း



**ကျောက်ပန်းတောင်း ဇွန် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများက ရွာပုကျေးရွာနှင့် ဆုံရွာကျေးရွာများ၌ ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ရွာပုကျေးရွာနှင့် ဆုံရွာကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းစီမံကိန်းကို ကျေးရွာသူ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော ရွာပု ကျေးရွာနှင့်ဆုံရွာ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးစီကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးကြောင်း သိရသည်။ **မောင်နိုင်**

## မြောင်းမြမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုး

**မြောင်းမြ ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီအကြို ခရိုင်အဆင့် သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က မြစိမ်းရောင်တောင်သာသနာ့နယ်မြေ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းငွေက အမှာစကား ပြောကြား၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုကိုက တာဝန်ရှိသူများထံ ပေးအပ်ရာ စိုက်ပျိုးပွဲ လာရောက်သူများက နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ဒေသနှင့်ကိုက်ညီသောသစ်မျိုးများ၊ အဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့် အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများဖြစ်သော ကျွန်း၊ မဟော်ဂနီ၊မန်ကျည်းရှား၊ ကံ့ကော်၊ မျောက်ငို၊ ခရေ၊ ပျဉ်းကတိုး စသည့် သစ်မျိုးခုနစ်မျိုး စုစုပေါင်း ၁၀၀၀ ကို ခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများ၊ ဒေသခံ စုစုပေါင်း ၃၀၀ က စုပေါင်းပါဝင် စိုက်ပျိုးကြသည်။



**အောင်ဖြိုး(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုး



**ပန်းတောင်း ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက ရေမနောက် ကျေးရွာ အရိယာဝါသ (သီလရှင်) ကျောင်းတိုက်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း ၂၀၀၊ မဟော်ဂနီ ၅၀၊ ခရေ ၁၀၀၊ မန်ကျည်းရှား ၅၀၊ တရုတ်တည်ပင် ၃၀၊ စိန်ပန်း ၃၀ နှင့် ငု ၄၀ တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူ ၁၄၄ ဦးက သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ညောင်လေးပင်မြို့နယ် ကျေးရွာတွင်းလမ်းများ မြေသားတိုးချဲ့အဆင့်မြှင့်

**ညောင်လေးပင် ဇွန် ၁**

ပဲခူးတိုင်းဒေသကြီးညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းကျိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းမြေသား တိုးချဲ့အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင် ပါဝင်သည့် စီမံကိန်းတာဝန်ခံများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ချောင်းကျိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းလမ်းမြေသား တိုးချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။



ချောင်းကျိုးကျေးရွာ အဆိုပါလမ်းသည် အရှည် ပေ ၁၂၄၀၊ အကျယ် ငါးပေရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရ ငွေကျပ် ၈၂ သိန်းကို အသုံးပြု၍ ဝန်ထမ်းများ၏ ကြီးကြပ်မှု ဒေသခံများ၏ ဆောင်ရွက်မှုဖြင့် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

JJJ

## မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပေးအပ်



**မော်လမြိုင် ဇွန် ၁**

မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူ ၃၇ ဦးအတွက် ဘောပင်၊ ခဲတံ စသည့် ကျောင်းအသုံးအဆောင်ပစ္စည်းများနှင့် ငွေသားများအား ပေးအပ်ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



## တာချီလိတ်မြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်

**တာချီလိတ် ဇွန် ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မြို့နယ်ဦးစီးမှူးရုံးက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉ နာရီခွဲက မိုင်းကိုးကျေးရွာအုပ်စု ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦးက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ရပ်ကွက်နှင့်ကျေးရွာများသို့ ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးမင်းနိုင်ဦးနှင့် တာဝန်ရှိသူများက အိမ်ထောင်စုလူဦးရေစာရင်း ၂၉ စုနှင့် နိုင်ငံသားစိစစ်ရေးကတ် ၁၄၄ ကတ်ကို ပြည်သူတစ်ဦးချင်းလက်ဝယ်အရောက်ပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မိုင်းကိုးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား Biometric Data များ ကောက်ယူပေးကြောင်း သိရသည်။ **သန်းဇော်(တာချီလိတ်)**



## ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၁**

၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရွှာသာကြီး ပျိုးဥယျာဉ်ဝင်းအတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်အား ပျိုးပင်များပေးအပ်ပြီး မြို့နယ်အဆင့် တာဝန်ရှိသူများက ရတနာတန်းဝင်ပင်များ စိုက်ပျိုးမည့်နေရာတွင် အထိမ်းအမှတ်သစ်ပင်များ စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာကြသော မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များပါဝင်သော အင်အား ၂၀၀ ခန့်က ခရေ ၁၀၀၊ ငုရွှေဝါ ၁၀၀၊ စိန်ပန်းကြီး ၁၀၀၊ တရုတ်တည်ပင် ၁၀၀၊ ပိတောက် ၁၀၀၊မန်ကျည်းရှား ၁၀၀၊ မဟော်ဂနီ ၁၀၀၊ မအူ ၁၀၀၊ မယ်ဇယ် ၁၀၀၊ ပျဉ်းမ ၁၀၀ တို့ကို သတ်မှတ်နေရာများတွင် စိုက်ပျိုးကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပစိမ်းမြမြ။

လာမင်းယာမဲလ်ဟာ လက်ရှိဘောလုံးလောကမှာ အထူးခြားဆုံးနဲ့ အလားအလာအရှိဆုံးလူငယ်ကစားသမားတွေထဲက တစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့နာမည်အပြည့်အစုံမှာ လာမင်းယာမဲလ်နာစရာအိုရီအီဘာနာဖြစ်ပြီး ၂၀၀၇ ခုနှစ် ဇူလိုင် ၁၃ ရက်က စပိန်နိုင်ငံ ဘာစီလိုနာမြို့အနီး အက်စပလူဂေးလ်ဒီလိုဘရီဂတ်မှာ မွေးဖွားခဲ့ပါတယ်။ ယာမဲလ်ဟာ ဘာစီလိုနာရဲ့ နာမည်ကျော် လူငယ်အကယ်ဒမီ လာမာဆီယာထွက် ကစားသမားတစ်ဦးဖြစ်ပြီး သူ့ရဲ့ထူးခြားတဲ့ စွမ်းဆောင်ရည်တွေကြောင့် ဘောလုံးပရိသတ်တွေရဲ့ အာရုံစိုက်မှုကို ရရှိထားသူပါ။

# ဘာစီလိုနာရဲ့ ရွှေရောင်အနာဂတ်ပိုင်ရှင် သို့မဟုတ် ထွန်းလင်းတောက်ပလာဦးမယ့် ကြယ်ပွင့် ယာမဲလ်

ယာမဲလ်ဟာ ငယ်စဉ်ကတည်းက ဘောလုံးကို ဝါသနာပါသူဖြစ်ပြီး အသက်ခြောက်နှစ်ကျော်အရွယ်မှာပဲ ဘာစီလိုနာရဲ့ လာမာဆီယာ အကယ်ဒမီကို စတင်ရောက်ရှိလာခဲ့ပါတယ်။ လာမာဆီယာရဲ့ တင်းကျပ်တဲ့ လေ့ကျင့်ရေး စည်းမျဉ်းစည်းကမ်းတွေအောက်မှာ တဖြည်းဖြည်းတိုးတက်လာပြီး သူ့ရဲ့ထူးခြားတဲ့ စွမ်းဆောင်ရည်တွေကြောင့် လူငယ်အသင်းအဆင့်ဆင့်ကို ကျော်ဖြတ်ကာ ဘာစီလိုနာ အသင်းကြီးဆီကို အလျင်အမြန် ရောက်ရှိလာခဲ့တာပါ။

၂၀၂၃ ခုနှစ်မှာ အသက် ၁၅ နှစ်အရွယ်နဲ့ ဘာစီလိုနာအသင်းကြီးရဲ့ ပွဲဦးထွက်ပါဝင်ကစားခွင့်ရရှိခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် အသက်ငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒ့ါအပြင် စပိန်လက်ရွေးစင်အသင်းမှာလည်း အသက်အငယ်ဆုံး ပွဲထွက်ကစားသမား၊ အသက်အငယ်ဆုံး ဂိုးသွင်းရှင်စတဲ့ စံချိန်မှတ်တမ်းကောင်းတွေကိုပါ တင်ထားပါတယ်။ ယာမဲလ်ဟာ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ (ယူရို ၂၀၂၄) မှာ အသက်အငယ်ဆုံး ပွဲထွက်ကစားသမားနဲ့ အသက်အငယ်ဆုံး ဂိုးသွင်းရှင်စံချိန်တွေကို တင်ထားပြီး စပိန်အသင်းနဲ့အတူ ယူရိုဖလားကို လေးကြိမ်မြောက် ဆွတ်ခူးထားသူ ဖြစ်ပါတယ်။

ယာမဲလ်ဟာ ဘယ်ခြေအားသန်ပြီး တောင်ပံတိုက်စစ်ကို အားပြုကစားတတ်သူ ဖြစ်ပါတယ်။ ယာမဲလ်ရဲ့ ဘောလုံးထိန်းချုပ်နိုင်စွမ်းနဲ့ ပြိုင်ဘက်ခံစစ်ကစားသမားတွေကို လိမ်ခေါက် ကျော်ဖြတ်နိုင်တဲ့ အရည်အချင်းက အခြားကစားသမားတွေထက် တစ်မူထူးခြားပါတယ်။ သူ့ရဲ့မြန်နှုန်းမြင့် စွမ်းဆောင်ရည်၊ ဂိုးဧရိယာအတွင်း အမှတ်မထင် အဆုံးသတ်သွင်းယူမှု၊ ထိုးဖောက်တိုက်စစ်ဆင်မှု၊ ပြိုင်ဘက်ခံစစ်တွေကို အခက်တွေ့အောင် ကစားထားနိုင်မှုနဲ့ ဖျတ်လတ်တက်ကြွမှုက ပြိုင်ဘက် အသင်းတွေအတွက် အိပ်မက်ဆိုးတစ်ခု ဖြစ်လာပြီ ဖြစ်ပါတယ်။



ယာမဲလ်ဟာမကြာသေးမီက ဘာစီလိုနာအသင်းနဲ့ ခြောက်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုထားတာကြောင့် ယာမဲလ်ကို ဘာစီလိုနာအသင်းမှာ ၂၀၃၁ ခုနှစ်အထိ ဆက်လက်မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။ ၎င်းဟာ ဒီရာသီမှာ ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၅၅ ပွဲ ပါဝင်ကစားထားပြီး ၁၈ ဂိုးသွင်းကာ ဂိုးဖန်တီးမှု ၂၅ ကြိမ် ပြုလုပ်ထားတယ်။ ဘာစီလိုနာအသင်းကိုလည်း လာလီဂါဖလား၊ ကိုပါဒယ်ရေးဖလားနဲ့ စပိန်စူပါဖလားစတဲ့ ပြည်တွင်းဖလား သုံးလုံးဆွတ်ခူးနိုင်အောင် ကူညီပေးထားနိုင်တယ်။ ၂၀၂၃ ခုနှစ်က ဘာစီလိုနာအသင်းနဲ့ ပွဲဦးထွက်ကစားပြီးနောက်ပိုင်း အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၁၅ ပွဲ ပါဝင်ကစားထားပြီး ၂၅ ဂိုးသွင်းယူပေးထားပါတယ်။ ၎င်းဟာ ဘာစီလိုနာအသင်းအတွက် ပွဲ ၁၀၀ ပြည့်မြောက်တဲ့ အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းတင်ထား ပါသေးတယ်။

ယာမဲလ်ရဲ့ ဘောလုံးထိန်းချုပ်နိုင်စွမ်း၊ ပြိုင်ဘက်ခံစစ်ကို လိမ်ခေါက်ကျော်ဖြတ်နိုင်စွမ်း၊ တစ်မူထူးခြားတဲ့ စွမ်းဆောင်ရည်တွေကြောင့် ဘာစီလိုနာအသင်း တိုက်စစ်ပိုင်းဟာ ပြီးပြည့်စုံတဲ့ စုဖွဲ့မှုကို ပိုင်ဆိုင်လာခဲ့တာလို့ ဘောလုံးကျွမ်းကျင်သူတွေက ဆိုကြတယ်။ တိုက်စစ်တစ်နေရာစာအတွက် အားဖြည့်ဖို့ အသင်းကြီးဆီ ခေါ်ယူခဲ့တဲ့ ယာမဲလ်တစ်ယောက် ခြေစွမ်းပြပြီး အရေးပါတဲ့ သွင်းဂိုးတွေ၊ ဂိုးဖန်တီးမှုတွေကို ၎င်းကစားတဲ့ သီတင်းပတ်တိုင်း၊ ပွဲစဉ်တိုင်းနီးပါး ပြုလုပ်နိုင်တာက နည်းပြဟန်ဆီဖလစ်နဲ့ အသင်းပရိသတ်တွေအတွက် မတောင်းဘဲပြည့်တဲ့ ဆုလာဘ်တစ်ခု ဖြစ်လာခဲ့တယ်။

သို့သော်လည်း ဘောလုံးလောကမှာရှိတဲ့ ကစားသမားတွေဆိုတာ နိမ့်တစ်ခါ မြင့်တစ်လှည့်ဖြစ်ပြီး အောင်မြင်မှု၊ ကျရှုံးမှုတွေဟာ အမြဲဒွန်တွဲနေတတ်ပါတယ်။ တချို့ကစားသမားတွေက လူငယ်ဘဝကတည်းက ထွန်းတောက်ခဲ့ပြီး တစ်လျှောက်လုံးအောင်မြင်မှု လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ခဲ့ကြပေမယ့် တချို့ကစားသမားတွေ အတွက်ကျတော့ အစောပိုင်းမှာ တောက်ပခဲ့ပြီး နောက်ပိုင်းမှာ မှေးမှိန်သွားတာမျိုး ရှိတတ်ကြတယ်လို့ ကျွမ်းကျင်သူတွေက ဆိုကြတယ်။

ပြောရရင် ဘောလုံးကစားသမားတွေရဲ့ အကြီးမားဆုံးရန်သူက တော့ ဒဏ်ရာရတာပါပဲ။ ပြင်းထန်တဲ့ ဒဏ်ရာတွေက ကစားသမားတစ်ဦးရဲ့ဘဝကို လုံးဝပြောင်းလဲပစ်နိုင်ပြီး အမြင့်ဆုံးခြေစွမ်းပြသနေချိန်ပင်လျှင် အနားယူရတာမျိုးတွေအထိ ဖြစ်စေနိုင်ပါတယ်။ ဒ့ါအပြင် ကစားသမားတစ်ဦးဟာ အသင်းပြောင်းရွှေ့လိုက်တဲ့အခါ ဒါမှမဟုတ် နည်းပြအသစ်ရောက်လာတဲ့အခါ အသင်းရဲ့ ကစားဟန်နဲ့ မကိုက်တာမျိုး၊ ကစားသမားသစ်တွေနဲ့ အံမဝင်တာမျိုး၊ နည်းပြရဲ့ အစီအစဉ်ထဲ မပါဝင်တာမျိုးတွေကြောင့် အခွင့်အရေးနည်းပါးပြီး ခြေစွမ်းပြသဖို့ ခက်ခဲလာနိုင်တယ်လို့ ဆိုကြတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းအနေနဲ့ မကြာသေးမီက နည်းပြ ဟန်ဆီဖလစ်ကို သက်တမ်းတိုးထားတာကြောင့် ယာမဲလ်အနေနဲ့ အဲဒီလိုအဖြစ်မျိုး ဖြစ်လာစရာ မရှိသေးဘူးလို့ ဆိုကြတယ်။

ဘောလုံးလောကမှာ ခြေစွမ်းပြသထားနိုင်တဲ့ အခိုက်အတန့်ကာလတစ်ခုကိုအတိုင်းအတာတစ်ခုအထိ ဆက်လက်ထိန်းထားနိုင်တဲ့ ကစားသမားကိုမှ ထိပ်တန်းအဆင့် ကစားသမားရယ်လို့ သတ်မှတ်လေ့ရှိကြတာကြောင့် ယာမဲလ်အနေနဲ့ ပုံမှန်ခြေစွမ်းကို ထိန်းသိမ်းကာ လာမယ့်ရာသီတွေမှာရော အောင်မြင်မှု အသီးသီး ဆုဖလားအလီလီ ဆွတ်ခူးသွားနိုင်မလားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းလာတယ်။

ယာမဲလ်ဟာ ဘလွန်းဒီအောဆု ဆွတ်ခူးရေးစိန်ခေါ်ပြောဆိုမှုတွေထဲ ထဲထဲဝင်ဝင်ပါလာပြီလည်း ဖြစ်ပါတယ်။ သူ့ရဲ့အေးဂျင့်ဖြစ်သူ ဂျော့မန်းဒက်က ယာမဲလ်ဟာ ဒီရာသီမှာ အကောင်းဆုံးကစားသမားတစ်ဦးဖြစ်ပြီး ဘလွန်းဒီအောဆုရသင့်တယ်လို့ ပြတ်ပြတ်သားသား ပြောကြားထားပါတယ်။ ယာမဲလ်ဟာ ဘလွန်းဒီအောဆု ဆွတ်ခူးနိုင်ဖို့ဆိုရင် အဓိက ပြိုင်ဘက်တွေဖြစ်တဲ့ အူဆွန်မီ ဒမ်ဘီလီ၊ မိုဟာမက်ဆာလာနဲ့ ဘာစီလိုနာအသင်းဖော် ရာဖာညာတို့ကို ကျော်ဖြတ်ရဖွယ်ရှိနေတယ်။

ယာမဲလ်အနေနဲ့ ထိပ်တန်းကစားသမားတစ်ဦးအဖြစ် ဆက်လက်ရပ်တည်နိုင်ဖို့ဆိုရင် ဒဏ်ရာအနာတရကင်းရှင်းမှု၊ ဖိအားတွေကို ကျော်ဖြတ်နိုင်မှု၊ ပုံမှန်ခြေစွမ်းထိန်းသိမ်းနိုင်မှု၊ ကိုယ်ခန္ဓာကြံ့ခိုင်မှု၊ နည်းဗျူဟာအလိုက်ပြောင်းလဲကစားတတ်မှုစတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ဖို့ လိုအပ်ကြောင်း သုံးသပ်လိုက်ရပါသည်။ ။



စဗစ်တိုလီနာ

## ပါအိုလီနီကို အနိုင်ယူပြီး ပြင်သစ်အိုးပင်း ကွာတားဖိုင်နယ် စဗစ်တိုလီနာ တက်လှမ်း

ပြင်သစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ စတုတ္ထအဆင့်တွင် ယူ ကရိန်းတင်းနစ်မယ် အဲလီနာစဗစ်တိုလီနာက အီတလီ တင်းနစ်မယ် ဂျက်စမင်း ပါအိုလီနီကို အကြိတ်အနယ်ကစားကာ ၄-၆၊ ၇-၆ (၈-၆)၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ကမ္ဘာ့အဆင့် (၁၃) ရှိ စဗစ်တိုလီနာသည် ပြင်သစ်အိုးပင်း ပထမအဆင့်တွင် ဆွန်မက်ဇ်၊ ဒုတိယအဆင့်တွင် ဘွန်ဒါ၊ တတိယအဆင့်တွင် ပီရာတို့ကို ကျော်ဖြတ်ထားနိုင်သူ ဖြစ်သည်။ ကမ္ဘာ့အဆင့် (၄) ရှိ ပါအိုလီနီနှင့် စဗစ်တိုလီနာတို့သည် အနီးစပ်ဆုံးအဖြစ် ဩစတြေးလျအိုးပင်းပြိုင်ပွဲ တတိယအဆင့်တွင် တွေ့ဆုံထားရာ စဗစ်တိုလီနာက ၂-၆၊ ၆-၄၊ ၆-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းထားနိုင်သည်။

ပါအိုလီနီသည် ယခုပွဲစဉ်တွင်လည်း အဆိုပါ ရှုံးနိမ့်မှုကို ပြန်ဆပ်နိုင်ခြင်းမရှိဘဲ ထပ်မံရှုံးပွဲကြုံတွေ့ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။ အခြားပွဲစဉ်တွင် တရုတ်တင်းနစ်မယ် ကွင်ဝင်ရှောင်က ရုရှားတင်းနစ်မယ် ဆမ်ဆိုနိုဗာကို အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

## ကွန်ညာကို ခေါ်ယူရန် မန်ယူသဘောတူညီမှု ရရှိ

မန်ယူအသင်းသည် ဘရာဇီး တိုက်စစ်ကစားသမား ကွန်ညာကို ခေါ်ယူရန် ဝုဖ်အသင်းနှင့် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် တိုက်စစ်ကစားသမားသည် မန်ယူအသင်း၏ နွေရာသီပထမဆုံး ခေါ်ယူသည့် ကစားသမားဖြစ်လာမည် ဖြစ်သည်။ မန်ယူအသင်းသည် ကွန်ညာကို ခေါ်ယူရာတွင် စာချုပ်ဖျက်သိမ်းကြေးပေါင် ၆၂ ဒသမ ၅ သန်း ပေးချေကာ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကို ချုပ်ဆိုသွားမည် ဖြစ်သည်။



ကွန်ညာသည် ဝုဖ်အသင်းသို့ အမြဲတမ်းပြောင်းရွှေ့ပြီးနောက် အသင်းအတွက် ၇၆ ပွဲ ပါဝင်ကစားထားပြီး ၃၁ ဂိုး သွင်းယူပေးထားသည်။

၎င်းသည် ဇွန် ၆ ရက်တွင် အီကွေဒေါအသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ဘရာဇီးအသင်းနှင့် ပူးပေါင်းရန် ဇွန် ၁ ရက်နံနက်ပိုင်းတွင် မန်ချက်စတာရှိ လော်ရီဟိုတယ်မှ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ဘိုင်ယန်မြူးနစ်အသင်းသည် ပဲလေ့စ်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား အီဇီ (၂၆ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- အင်တာမီလန်နည်းပြ ဆီမွန်နီ အင်ဇာဂီသည် စပါး၊ နယူးကာဆယ် အသင်းတို့နှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- မန်ယူအသင်းသည် ဖာနန်ဒက်စ်ဆော်ဒီလိဂ်သို့ ပြောင်းရွှေ့သွားပါက အဆိုပါကစားသမား၏ နေရာကို စပို့တင်းကွင်းလယ်ကစားသမား ဂွန်ကာလက်ဗ်ဖြင့် အစားထိုးရန် စိတ်ဝင်စားနေသည်။

မိုးဇက် - စုစည်းရေးသားသည်

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade - 4 (Unit-1)

### Section (A) Listening

I. Listen carefully to the teacher and write True or False. (2 marks)

| Example - 1. straight | (1) True |
|---|---|
| 1. short | (1) .............. |
| 2. slim | (2) .............. |
| 3. tall | (3) .............. |
| 4. plump | (4) .............. |
| 5. helpful | (5) .............. |

### Section (B) Reading

II. Read the following dialogue and fill in the blanks with the suitable words given in the box. (2 marks)

| class teacher | have | straight hair | has |
|---|---|---|---|

Bo Bo : Who is your ....... (1) .......?
Thiha : Daw Mya Mya.
Bo Bo : Does she ....... (2) ....... long hair?
Thiha : Yes, she does.
Bo Bo : Does she have ....... (3) .......?
Thiha : No, she doesn't. She ....... (4) ....... curly hair.

### Section (C) Writing

III. Supply the correct form of the verb given in brackets. (2 marks)

1. I ......... (be) Aung Aung.
2. I ......... (be) a Grade 4 student.
3. I ......... (have) many friends in my class.
4. My best friend ......... (be) Bo Bo.
5. He ......... (be) nine years old.

**Answer Keys**

I. 1. True 2. False 3. False 4. True 5. True
II. (1) class teacher (2) have (3) straight hair (4) has
III. 1. am 2. am 3. have 4. is 5. is

IV.
1. I like the cold season.
2. My favourite season is the cold season.
3. It's snowy in Putao.
4. A swimmer needs goggles.
5. I get up at half past six in the morning.
6. I usually leave for school at half past eight.
7. I go to school at half past seven.
8. There are four seasons in England.
9. There are three seasons in Myanmar.
10. I usually have breakfast at a quarter past seven.

## Grade-5 (Unit-1)

### Section (A) Listening

I. Listen carefully to the teacher and match the phrases from column A and column B to make sentences. (5 marks)

| Column A | Column B |
|---|---|
| 1. Your bedroom is dirty. | a. Can you help her, please? |
| 2. There are three bags of rubbish in the kitchen. | b. Can you open the windows, please? |
| 3. Mother is busy. | c. Can you take them out, please? |
| 4. Father is hungry. | d. Can you clean it, please? |
| 5. It is dark in the room. | e. Can you set the table for dinner, please? |

### Section (B) Reading

II. Read the following dialogue and fill in the blanks with the suitable words given below. (10 marks)

| help | dishes | clean | water | we |
|---|---|---|---|---|
| bathroom | sorry | Sure | will | can |

Father : Today, I will clean the house. Can you ....... (1) ....... me, children?
Thu Thu : ....... (2) ......., Dad.
Ko Ko : Yes, ....... (3) ....... will.
Father : Then, can you ...... (4) ...... the window, Ko Ko?
Ko Ko : Yes, Dad.
Father : Thu Thu, can you do the ....... (5) .......? I will clean the ....... (6) ........
Thu Thu : I ....... (7) ......., Dad.
Mother : Hay, ....... (8) ....... you come and ....... (9) ....... the plants, Thu Thu?
Thu Thu : I'm .....(10) ....., Mum, I'm doing the dishes now.

### Section (C) Writing

III. Rearrange the following words in the correct order to make a sentence. (10 marks)

1. late / home / will / Dad and I / come
2. for you / I / dinner / cooked
3. the dishes / do / after dinner / please
4. take out / the rubbish / please
5. desk / your / tidy up / please
6. fold / your clothes / please
7. rubbish / the / out / I / took
8. tidy up / my desk / I / will / morning / tomorrow
9. clothes / I / folded / my
10. to bed / I / go / want / to

### Section (D) Speaking

IV. Answer the questions correctly asked by the teacher. (10 marks)

1. Which season would you like?
2. What is your favourite season?
3. What's the weather like in Putao?
4. What does a swimmer need?
5. What time do you get up?
6. When do you usually leave for school?
7. What time do you go to school?
8. How many seasons are there in England?
9. How many seasons are there in Myanmar?
10. When do you usually have breakfast?

**Answer Keys**

I. 1. d 2. c 3. a 4. e 5. b
II. 1. help 2. Sure 3. we 4. clean 5. dishes 6. bathroom 7. will 8. can 9. water 10. sorry
III.
1. Dad and I will come home late.
2. I cooked dinner for you.
3. Please do the dishes after dinner.
4. Please take out the rubbish.
5. Please tidy up your desk.
6. Please fold your clothes.
7. I took out the rubbish.
8. I will tidy up my desk tomorrow morning.
9. I folded my clothes.
10. I want to go to bed.

## Grade-6 (Unit-1)

I. Supply the correct form of the verbs given in brackets. (10 marks)

1. I wish you ........... at Ngapali with me. (be)
2. Every day, I ........... seafood crabs and prawns. (eat)
3. They ........... fresh and delicious. (be)
4. We ........... in the sea in the morning and evening. (swim)
5. We ........... a rest in the afternoon. (take)
6. Mum and Dad .......... walking along the shore. (enjoy)
7. We ........... to the waterfall yesterday. (go)
8. Come and ........... with me next time. (go)
9. There ........... lots of strawberries here. (be)
10. The swans ........... in the lake. (swim)

**Answer Keys**

I. 1. were 2. eat 3. are 4. swim 5. take 6. enjoy 7. went 8. go 9. are 10. are swimming

## Grade-7 (Unit-1)

I. Choose the correct word form to complete each sentence. (10 marks)

1. A Zat Pwe is a classical dance-drama that offers moral (instruct) ..............
2. The candlelight dance is a (tradition) ............. part of the performance.
3. The stories of Lord Buddha's lives give (inspire) ......... to the audience.
4. Mg Tin Maung showed great (passionate) ............. in the arts from childhood.
5. His (introduce) ........... into the Zat Pwe world began at a puppet show.
6. He received formal (train) ............ in performing arts.
7. His dance troupe earned widespread(famous) ...........
8. He acted as a cultural (represent) ........... in the USA.
9. The 27 verses showed his power of (memorize) .........
10. His hard work was a good (motivate) ............. for future artistes.

**Answer Keys**

I. 1. instruction 2. traditional 3. inspiration 4. passion 5. introduction 6. training 7. fame 8. representative 9. memorization 10. motivation

## Grade-8 (Unit-1)

I. Fill in the blanks with 'on', 'in', 'at', 'from', 'to' 'for' or 'since'. (10 marks)

1. The match will start ......... four o'clock this afternoon.
2. He is attending class ......... Sundays.
3. My birthday is ......... the month of May.
4. They were to meet ......... Wednesday ......... three o'clock in the afternoon.
5. The meeting ended ......... seven o'clock ......... the night.
6. The baby slept ......... three o'clock ......... five o'clock ......... the afternoon.
7. Su Su has been absent from school ......... three days.
8. National Day in Singapore is ......... the 9th of August.
9. We shall be meeting Ko Ko ......... six this evening.
10. Mon Mon has been practising the piano ......... this morning.
11. How is your sister? I have not seen her ......... a long time.

**Answer Keys**

I. 1. at 2. on 3. in 4. on, at 5. at, in 6. from, to, in 7. for 8. on 9. at 10. since 11. for

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# ကော့သောင်းမြို့ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ



**ကော့သောင်း ဇွန် ၁**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့တွင် ၂၀၂၅ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို ပုလုံးတုံတုံးကျေးရွာ Cyclone Shelter အနီးတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ စစ်ဗျူဟာအဖွဲ့(အခြေချ) ကော့သောင်းမှ စစ်ဗျူဟာမှူး၊ ကော့သောင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနနှင့် NGO အဖွဲ့များ တက်ရောက်ပြီး မိုးရာသီသစ်ပင်များ တပျော်တပါး စိုက်ပျိုးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများက တာဝန်ရှိသူများအား ပျိုးပင်များ ပေးအပ်ပြီး သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်၊ သက်န်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ မန်ကျည်းရှား စသည့်ပျိုးပင်ပေါင်း ၅၅၀ စိုက်ပျိုးကြပြီး ပြည်သူလူထုများအနေဖြင့် သစ်ပင်များ စိုက်ပျိုးလိုပါက မြို့နယ်သစ်တောဦးစီးဌာနတွင် ပျိုးပင်များ အခမဲ့ လာရောက်ထုတ်ယူစိုက်ပျိုးနိုင်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပူတာအိုခရိုင်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ခရိုင်/မြို့နယ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ပူတာအို ဇွန် ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ခရိုင်/မြို့နယ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ ရက် နံနက် ၈ နာရီက ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး ပူတာအိုမြို့နယ်ပညာရေးမှူး ဦးဝင်းဆွေက ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်း၊ အဖွဲ့ဝင် ဦးမယစ်ယောရှုနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမို့မို့လှိုင်တို့က နိုင်ငံတော်မှ အခမဲ့ပေးဝေသော ကျောင်းသုံးဖတ်စာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့်ခဲတံများ၊ ကျောင်းဝတ်စုံများကို ပေးအပ်ရာ ဒုတိယခရိုင်ပညာရေးမှူး ဦးငွါးခီရဲ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းဆွေနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ကြသည်။**(အောက်ပုံ)**

**ဖုန်ကန်(ပူတာအို)**



## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ဒက္ခိဏသီရိမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ မေ ၃၁ ရက်က လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၁ ရက် နံနက် ၁၁ နာရီခွဲတွင် ဒက္ခိဏသီရိမြို့နယ် စီလမ်းဆုံစစ်ဆေးရေးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့မှ မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မင်္ဂလာဒုံမြို့နယ် ဈေးရပ်ကွက်နေ စိုးကိုကိုအောင်(၃၈)နှစ် မောင်းနှင်လာသည့် 6L/... Honda Fit မော်တော်ယာဉ်ကို စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် စိုးကိုကိုအောင်အား ဒက္ခိဏသီရိမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၃၁ ရက်နှင့် ဇွန် ၁ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး၊ လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၅၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Toyota Hiace နှစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၀၂၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၉၆၃)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၇၂၈၉၆၃ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



ယင်းအပြင် မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီဓာတ်ဆီ ၄၅ ပီပါ၊ ဒီဇယ်ဆီ ၁၂ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ်၂၈၁၇၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ကလေးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ရှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၇၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၇ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၄၉၈၉၆၃ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပြည်ထဲရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ဒုတိယရဲအုပ်လောင်း(အမျိုးသား၊ အမျိုးသမီး)များ အလိုရှိသည်

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လစာနှုန်းကျပ် (၂၃၄၀၀၀-၂၀၀၀-၂၄၄၀၀၀)ဖြင့် ဒုတိယရဲအုပ်လောင်း (အမျိုးသား၊ အမျိုးသမီး)များ အလိုရှိသည်။

၂။ ဒုတိယရဲအုပ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပြီးပါက ဒုတိယရဲအုပ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။

(ခ) အစိုးရအသိအမှတ်ပြုတက္ကသိုလ်များမှ အောက်ဖော်ပြပါပညာအရည်အချင်းနှင့်ကိုက်ညီသူ (အမျိုးသား၊ အမျိုးသမီး)များ ဖြစ်ရမည်-

- (၁) သိပ္ပံဘွဲ့ရရှိသူ၊
- (၂) ဝိဇ္ဇာဘွဲ့ရရှိသူ၊
- (၃) ဥပဒေဘွဲ့ရရှိသူ၊
- (၄) နိုင်ငံခြားဘာသာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ၊ (အင်္ဂလိပ်၊တရုတ်၊ထိုင်း)
- (၅) ကွန်ပျူတာသိပ္ပံဘွဲ့/ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ၊
- (၆) စီးပွားရေးဘွဲ့ရရှိသူ၊
- (၇) စိုက်ပျိုးရေးဘွဲ့ရရှိသူ၊
- (၈) အင်ဂျင်နီယာဘွဲ့(မြို့ပြ၊ လျှပ်စစ်၊ စက်မှု၊ သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ၊ ရေကြောင်းစက်မှု) ရရှိသူ၊
- (၉) သူနာပြုသိပ္ပံဘွဲ့ရရှိသူ၊
- (၁၀) ပြည်သူ့ကျန်းမာရေးဘွဲ့ရရှိသူ၊
- (၁၁) ဆေးဝါးကျွမ်းကျင်ပညာဘွဲ့ရရှိသူ၊

(ဂ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ၊ အင်ဂျင်နီယာဘွဲ့၊ မဟာဘွဲ့ရရှိပြီးသူများ အနေဖြင့် ၃၀ နှစ်အထိ လျှောက်ထားနိုင်သည်။

(ဃ) (အမျိုးသား)များအတွက် အရပ်အမြင့် ၅ ပေ ၄ လက်မ၊ ရင်အုပ်နဂိုနေ ၃၂ လက်မနှင့် ကိုယ်အလေးချိန် အနည်းဆုံး ၁၁၀ ပေါင်ထက်မနည်း၊ ၁၄၀ ပေါင်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(အမျိုးသမီး)များအတွက် အရပ်အမြင့် ၅ ပေ ၃ လက်မနှင့်ကိုယ်အလေးချိန် အနည်းဆုံး ၉၅ ပေါင်ထက်မနည်း၊ ၁၄၀ ပေါင်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) မျက်မှန်တပ်ဆင်ထားသူများ လျှောက်ထားရန်မလိုပါ။

(စ) ဆေးအဆင့်(က)ရှိသူဖြစ်ရမည်။

(ဆ) နယ်ဘက်တရားရုံးများတွင် မှုခင်းကင်းရှင်းသူဖြစ်ရမည်။

(ဇ) ဒုတိယရဲအုပ်လောင်း သင်တန်းပြီးဆုံးပါက ဒုတိယရဲအုပ်အဆင့်တွင်လည်းကောင်း၊ ရဲအုပ်အဆင့်တွင်လည်းကောင်း၊ အနည်းဆုံးအဆင့်ရသက် ၅ နှစ်မပြည့်မီ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နုတ်ထွက်ခွင့်တင်ပြခြင်းမပြုကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးနိုင်သူဖြစ်ရမည်။

၄။ လျှောက်ထားသူများကို ရေးဖြေစာမေးပွဲဖြေဆိုစေပြီး ဖြေဆိုအောင်မြင်မှသာ စိတ်စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းများပြုလုပ်မည်။ စိတ်စစ်ဆေးခြင်းနှင့် ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းများ မပြုလုပ်မီ ရှေးဦးစွာ ဆေးစစ်ဆေးခြင်း ခံရမည်ဖြစ်ပြီး ဆေးစစ်ဆေးခြင်းအောင်မြင်မှသာ ဆက်လက်ဖြေဆိုခွင့်ပြုပါမည်။

၅။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ရယူနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံမူရင်းဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်ဖြစ်ကြောင်းနှင့် လျှောက်လွှာများစိစစ်ပြီး ဖြေဆိုခွင့်ရရှိသူများအား ဖြေဆိုရမည့်နေ့ရက်ကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများသို့ အကြောင်းကြားပါမည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ-

(က) ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ။

(ခ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်။

(ဂ) အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ကြောင်း ဝန်ခံချက်။

(ဃ) ဒုတိယရဲအုပ်လောင်း သင်တန်းပြီးဆုံးပါက ဒုတိယရဲအုပ်အဆင့်တွင်လည်းကောင်း၊ ရဲအုပ်အဆင့်တွင်လည်းကောင်း၊ အနည်းဆုံး ၅ နှစ်မပြည့်မီ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နုတ်ထွက်ခွင့်တင်ပြခြင်းမပြုကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးထားသည့် ဝန်ခံချက်။

(င) ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံ (၁.၃" X ၁.၅" နောက်ခံအပြာရောင်)။

(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ ပါရှိရမည်။

၇။ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများတွင် ဒုတိယရဲအုပ်လောင်းလျှောက်လွှာများကို ၃-၆-၂၀၂၅ ရက်နေ့မှစ၍ ထုတ်ယူလျှောက်ထားနိုင်ပြီး ၁၇-၆-၂၀၂၅ ရက်နေ့ နောက်ဆုံးလျှောက်ထားရမည်။

၈။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော တပ်တွင်းဘွဲ့ရ (တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ)နှင့် အခြားဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ လျှောက်ထားရန်မလိုပါ။

၉။ ဆေးစစ်ဆေးခြင်း၊ စိတ်စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည် စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် အသက်စိစစ်အတည်ပြုရန်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်(မူရင်း)၊ ပညာအရည်အချင်းစိစစ်ရန်အတွက် ဘွဲ့လက်မှတ်မူရင်း(ဘွဲ့နှင်းသဘင်မကျင်းပရသေးပါက ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ထောက်ခံစာမူရင်း) တင်ပြနိုင်ရမည်။

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၃၊ အုတ်ကျင်းအနောက်)၊ဦးပိုင်အမှတ် (၅၁)၊ မြေဧရိယာ(၀ ဒသမ ၁၈၄)ဧက ရှိမြေကွက်သည် မူလက ဦးသောင်းစိန်အမည်ဖြင့် (၃၀-၆-၁၉၉၅)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး (၄-၁၂-၂၀၂၄)ရက်စွဲပါ တရားရုံး၏ဒီကရီအရ ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ်(၅၂၇/၂၀၂၄)ဖြင့် ဦးသောင်းစိန်ထံမှ ဒေါ်အမာ အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးပိုင်(၅၁/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၉၂ဧကအပိုင်းကို ဦးဘွမ်ထွယ်ထံသို့ (၂၆-၁၂-၂၀၂၄)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၅၅၉/၂၀၂၄)ဖြင့် ရောင်းချခဲ့ပြီးဖြစ်သဖြင့် ကျန်ရှိသည့် ဦးပိုင်(၅၁/က)၊ မြေဧရိယာ(၀ဒသမ၀၉၂)ဧကအပိုင်းကိုဒေါ်အမာ ၁/မကန(နိုင်)၀၂၈၄၉၁ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်း နှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

### ဖခင်အမည်မှန်

မအူပင်မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ မြို့သစ်(၇)လမ်းနေ Grade-12 မှ မကျော့ကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းနိုင် ၁၄/မအပ(နိုင်)၁၇၈၈၂၁ ဖြစ်ပါကြောင်း။

**ဦးမျိုးမင်းနိုင်**

---

### တစ်ဦးတည်းဖြစ်ကြောင်း

ဖောင်းပြင်မြို့၊ ယင်းမာလှိုင်ရပ်နေ မောင်မျိုးကျော်သူ ပထမနှစ်(ပထဝီဝင်)၊ မသင်းသင်းယု၊ အထက ဖောင်းပြင် G-12(A) မမေဇင်မြင့် ၊ G-10(A) မရွှေဇင်ဝင်းနှင့် မူလွန် အမှတ်(၃)G-4 တွင်တက်ရောက်နေသော မခွန်းဆင့်ခြယ်တို့၏ဖခင် ဦးမင်းထွန်းနှင့် ဦးမောင်ထွန်း ၅/ဖပန(နိုင်)၁၅၀၈၁၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

### သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ကျီးကုန်းကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာနေ ဦးစိန်မောင် ၅/ကလန(နိုင်)၀၀၃၅၀၇ ၏ သမီး မညွှန့်ငွေ၊ သား မောင်ညွှန့်ဆွေ နှင့် မောင်ကံမြင့်တို့သည် မိဘကို စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ မိဘပိုင်ပစ္စည်းများမှန်သမျှ မသက်ဆိုင်တော့ကြောင်းနှင့် ၎င်းတို့၏ ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိန်မောင်**
**၅/ကလန(နိုင်)၀၀၃၅၀၇**

---

### လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မင်းဘူးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ (၁၁-၆-၂၀၂၅)ရက် မင်းဘူးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ပုံစံ(၈)ဝင် ကျွန်း/သစ်မာ/အခြားသားသစ်/ခွဲသား၊ လုံးပတ်(၃)ပေအောက်ကျွန်း/အခြားသစ်၊ အခြားမျောများအား လက်ရှိ မျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်များကို (၁)စောင်လျှင် ငွေ ၁၀၀၀၀-(ကျပ်တစ်သောင်းတိတိ)ဖြင့် မင်းဘူးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စတင်ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) | **လျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၂-၆-၂၀၂၅ ရက် ( တနင်္လာနေ့ ) |
| (ခ) | **လျှောက်လွှာအရောင်းပိတ်မည့်ရက်** | - ၉-၆-၂၀၂၅ ရက် (တနင်္လာနေ့ ) |
| (ဂ) | **လျှောက်လွှာတင်ရမည့်နေရာ** | - မင်းဘူးခရိုင်၊သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မင်းဘူးခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း -၀၉ ၄၀၁၅၇၄၆၈၃၊၀၉-၄၄၄၂၆၆၉၉၄ တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ခရိုင်လေလံတင်ရောင်းချရေးကော်မတီ**
**မင်းဘူးခရိုင်**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၃/၁ က၊ တပ်ကုန်းတောင်)၊ ဦးပိုင်အမှတ် (၅၂)၊ မြေဧရိယာ (၀ ဒသမ ၁၁၀)ဧကရှိ မြေကွက်သည် မူလကဦးဇော်ခွန်နော်အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးဇော်ခွန်နော်မှာ(၂၅-၉-၂၀၂၂) ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ၎င်း၏ဇနီးဖြစ်သူဒေါ်ဂျာခေါ်နမ် (၁၉-၃-၂၀၂၅) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၁၅၉/၂၀၂၅)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်ဂျာခေါ်နမ်ထံမှ ဦးပိုင်(၅၂/ခ)၊ မြေဧရိယာ (၀ ဒသမ ၀၄၀) ဧကအပိုင်းကို ဒေါ်ကျန်းလုံက ၉-၄-၂၀၂၅ ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ် (၁၅၈/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ကျန်းလုံ (၁/မကန(နိုင်)၁၉၀၃၉၂) အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

## စာအုပ်စာပေ လူ့မိတ်ဆွေ

---

### အမည်မှန်

ကျွန်းလှမြို့၊ အထက(ကျွန်းလှ) Grade-4 မှ (ဘ) ဦးနန်းကျော်သူထွေး ၅/ကဘလ(နိုင်)၁၂၉၀၄၀၈၏ သမီး မသီရိရွှေစင်ကျော်၏ အမည်မှန်မှာ မသီရိရွှေစင် ဖြစ်ပါကြောင်း။

**မသီရိရွှေစင်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကသစ်ပင်ကျေးရွာနေ ဦးမျိုးဇော်သက်(ခ)ဦးမှိုင်ဝေ ၇/ကဝန(နိုင်)၁၂၅၉၇ နှင့် မသဇင်မြင့်(ခ)မသိန်းသိန်း ၇/ကဝန(နိုင်)၁၀၁၉၄၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမှိုင်ဝေ-မသိန်းသိန်း**

---

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နေ စုမြတ်ထူး(ဘ)ဦးစောနိုင်ထူး ၆/ကစန(နိုင်)၀၈၅၈၃၁၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-021474)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၀၆၄၄၂၇၇**

---

### မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကသစ်ပင်ကျေးရွာနေ ဦးတင်မြင့်-ဒေါ်တင်အောင်တို့၏မွေးစားသား မောင်ဂိုန်းထက်အောင် ၇/ကဝန(နိုင်)၂၄၈၆၉၄ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် မွေးစားသားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးတင်မြင့်-ဒေါ်တင်အောင်**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၄၃/၁၊ ကန့်ကူးရပ်)၊ ဦးပိုင်အမှတ်(၃၂)၊ မြေဧရိယာ (၀ ဒသမ ၁၅၀) ဧကရှိမြေကွက်သည် မူလက ဦးဇော်ထွန်းအမည်ဖြင့် (၃၁-၈-၂၀၁၉) ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူဦးဇော်ထွန်းထံမှ ဦးပိုင် (၃၂/ခ)၊ မြေဧရိယာ (၀ ဒသမ ၀၇၄) ဧကအပိုင်းကို ဒေါ်လုမ်ဆိုင်းပန်(ခ)စီမြင့်က (၁၁-၁၀-၂၀၂၄) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၄၈၂/၂၀၂၄)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်လုမ်ဆိုင်းပန်(ခ)စီမြင့် (၁/မကန(နိုင်)၂၁၆၀၇၁) အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူ အား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ်(၇၄/၁၊ ရွှေအိုက်)၊ ဦးပိုင်အမှတ်(၁၈၈၁)၊ မြေဧရိယာ(၀ ဒသမ ၂၃၀) ဧကရှိမြေကွက်သည် ရဲမှူးကြီးမြင့်လွင်အမည်ဖြင့် (၁၇-၅-၂၀၄၁)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးမြင့်လွင်ထံမှ ဒေါ်နန်းဇင်မာထွန်းက (၄-၁၂-၂၀၂၄) ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၅၃၁/၂၀၂၄)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်နန်းဇင်မာထွန်း (၁/ဝမန(နိုင်)၀၉၃၅၇၈)အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၂၊ ကချင်စုတောင်ရပ်)၊ ဦးပိုင်အမှတ်(၃၆၈/ခ)၊ မြေဧရိယာ(၀ ဒသမ ၀၃၇) ဧကရှိမြေကွက်သည် မူလက ဦးငွါးလေးအမည်ဖြင့် (၃၀-၁၀-၂၀၄၄) ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးငွါးလေးထံမှ ဦးငွါးတား၊ ဒေါ်ခင်စန်းထွေးတို့က (၂၂-၃-၂၀၂၅) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၁၃၅/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးငွါးတား ၁/မကန(နိုင်)၁၂၄၆၁၇၊ ဒေါ်ခင်စန်းထွေး ၁/မကတ(နိုင်)၀၈၇၃၁၆ တို့ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ရွှေတိဂုံစေတီတော်
## နယုန်လပြည့်(မဟာသမယအခါတော်နေ့)အခမ်းအနားကျင်းပမည်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၁၂လ ရာသီပွဲတော်များအနက် (၁၃၈၇ ခုနှစ်၊ နယုန်လပြည့်နေ့) ၁၀-၆-၂၀၂၅ရက် (အင်္ဂါနေ့) နေ့ထူးနေ့မြတ်၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ရွှေတိဂုံစေတီတော်ရင်ပြင်၌မဟာသမယအခါတော်နေ့ အခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ နေ့ထူးနေ့မြတ်၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နံနက် ၀၅:၀၀ နာရီတွင် ဆွမ်းတော်ဆက်ကပ်လှူဒါန်းခြင်း၊ နံနက်(၀၆၀၀)နာရီတွင် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် စောင့်ရှောက်ရေးသံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၀၆:၃၀နာရီတွင် ရင်ပြင်တော်တောင်ဘက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌မဟာသမယအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ တရားတော်များနာကြား၍ ရေစက်သွန်းချအမျှပေးဝေခြင်း၊ ၀၇:၀၀ နာရီတွင် မဟာသမယနေ့ ဖြစ်ပေါ်လာပုံကို ဖော်ကျူးသည့်အနေဖြင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့်ဝန်ထမ်းများက ကပိလဝတ်နှင့်ကောလိယ အုပ်စု(၂)စုခွဲ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လကျ်ာရစ်လှည့်လည်ပူဇော်ပြီး ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းတွင် မဟာသမယသုတ်ရွတ်ဖတ်ပူဇော်သည့် အခမ်းအနားကျင်းပခြင်း၊ ငြိမ်းချမ်းရေးအထိမ်းအမှတ်အနေဖြင့် ရင်ပြင်တော်ပေါ်ရှိ ခေါင်းလောင်းများကို တစ်ပြိုင်တည်း တီးခတ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရဟန်းရှင်လူပြည်သူများပါဝင်ကုသိုလ် ပြုနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်အတွင်း ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရန်ပုံငွေဖြင့် မြို့နယ်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတား လုပ်ငန်းများကို တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

| | |
|---|---|
| (ခ) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂-၆-၂၀၂၅ ရက်မှ ၁၆-၆-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း) |
| (ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်မြို့ |
| (ဃ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - ၁၇-၆-၂၀၂၅ ရက်၊ ၁၆:၀၀နာရီ |
| (င) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** | - ၂၀-၆-၂၀၂၅ရက်၊ နံနက် (၁၀:၀၀)နာရီ |
| (စ) **တင်ဒါဖွင့်လှစ်မည့် နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၅၁၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ)**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရန်ပုံငွေဖြင့် မက်မန်းမြို့နယ်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

| | |
|---|---|
| (ခ) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂-၆-၂၀၂၅ ရက်မှ ၁၆-၆-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း) |
| (ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့<br>- လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မက်မန်းခရိုင်၊ မက်မန်းမြို့ |
| (ဃ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - ၁၇-၆-၂၀၂၅ ရက်၊ ၁၆:၀၀နာရီ |
| (င) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** | - ၂၀-၆-၂၀၂၅ရက်၊ နံနက် (၁၀:၀၀)နာရီ |
| (စ) **တင်ဒါဖွင့်လှစ်မည့် နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မက်မန်းခရိုင်နှင့် ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ မက်မန်းမြို့နယ်၊ မက်မန်းမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၂၅၉၀၁၁၆၅၆၊ ၀၉-၄၄၀၅၆၃၆၁၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ မင်းရဲကောင်းပုံလမ်း၊ မြေကွက်အမှတ်(၇၀၆)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဒေါ်ခင်ကြိုင် အမည်ဖြင့် ချထားသည့်ပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်စိန်စိန် ၁၂/သဃက(နိုင်)၀၂၈၀၃၀ က ဥပဒေနှင့်အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**LL.B, D.B.L, Dip in English တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊အခန်း(၁၀၄/ဒီ)ပထမထပ် ၊၃၅-လမ်း(အောက်)ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရန်ပုံငွေဖြင့် လမ်းအထူးအဖွဲ့(၃)နှင့် မြို့နယ်များမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည် ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

| | |
|---|---|
| (ခ) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂-၆-၂၀၂၅ ရက်မှ ၁၆-၆-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း) |
| (ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့ |
| (ဃ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - ၁၇-၆-၂၀၂၅ ရက်၊ ၁၆:၀၀နာရီ |
| (င) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** | - ၂၀-၆-၂၀၂၅ ရက်၊ နံနက် (၁၀:၀၀) နာရီ |
| (စ) **တင်ဒါဖွင့်လှစ်မည့် နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၈၄-၂၀၂၁၀၃၁၊ ၀၉-၇၇၉၀၆၅၈၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ)**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ မိုင်းတုံခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရန်ပုံငွေဖြင့် လမ်းအထူးအဖွဲ့(၃)နှင့် မိုင်းတုံမြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းများပေါ်ရှိ လမ်း/တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့်ဆောင်ရွက်မည် ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်း နိုင်ရန် ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်။

| | |
|---|---|
| (ခ) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - ၂-၆-၂၀၂၅ ရက်မှ ၁၆-၆-၂၀၂၅ ရက်အထိ (ရုံးချိန်အတွင်း) |
| (ဂ) **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းတုံမြို့ |
| (ဃ) **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - ၁၇-၆-၂၀၂၅ ရက်၊ ၁၆:၀၀နာရီ |
| (င) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** | - ၂၀-၆-၂၀၂၅ရက်၊ နံနက် (၁၀:၀၀)နာရီ |
| (စ) **တင်ဒါဖွင့်လှစ်မည့် နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း-၀၉-၄၀၂၅၃၀၁၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်(၃)လမ်း၊ မြေကွက်အမှတ်(၁၂၅၀)၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဂရန်အမည်ပေါက်သူ ဦးကျော်ဆန်းဦး ၁၂/အလန(နိုင်)၀၀၇၆၈၉က ဥပဒေနှင့် အညီ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီး အပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မေလှိုင်(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**LL.B, D.B.L, Dip in English တရားလွှတ်တော်ရှေ့နေ**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၅၀၈၃၈၀၅၊ ၀၉-၇၉၉၆၁၈၄၇၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်းတကော်မြို့နေ ဒေါ်ဖြူဖြူခိုင် ၇/ပခန(နိုင်)၃၃၄၇၆၉ ၏ မိခင် ဒေါ်နွဲ့စန်းနှင့် ဒေါ်နွယ်စန်း ၇/ပခန (နိုင်)၁၂၄၃၇၀ သည် အမည်(၂) မျိုးကွဲလွဲနေသော်လည်း တစ်ဦး တည်း ဖြစ်ပါကြောင်း။

## အမည်မှန်

မိုးကောင်းမြို့နယ်၊ ပိုင်ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-5 မှ (ဘ) ဦးစိုးဦး ၁၀/ကထန(နိုင်) ၀၇၄၉၀၄ ၏သား မောင်သူရ အောင်စိုး၏ အမည်မှန်မှာ မောင်သော်ဇင်ဖြိုး ဖြစ်ပါကြောင်း။

**ဦးစိုးဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/5996 Honda Click 125 ယာဉ်လက်ဝယ် ရှိသူ ဦးလွင်မောင်တိုး ၉/သစန(နိုင်) ၁၉၆၈၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ Asia Square Power Group Co.,Ltd ၏ ၇-၂-၂၀၂၅ရက်တွင် ခွင့်ပြုမိန့်ကျထားသော သွင်းကုန်သံလိုင်စင် (၃)စောင်အား စီမံဆောင်ရွက်ခွင့်နှင့်ပတ်သက်၍ ဒေါ်မိမိခင် ၁၂/အလန(နိုင်)၀၁၈၉၄၁ မှ ဒေါ်ချစ်သဲအိ ၁၂/သဃက(နိုင်)၁၈၈၄၃၁ထံသို့ ဦးတင်ဝင်း နိုတြီပဗ္ဗလစ်ထံတွင် (၂၇-၂-၂၀၂၅) ရက်စွဲပါ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (4786/2025)ဖြင့် လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းပယ်ဖျက်လိုက်ကြောင်း အသိပေးကြေညာ လိုက်ပါသည်။ **ဒေါ်မိမိခင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုလှဲ့ညို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၈၀/၁-၂-၂၀၁၈)**
**အမှတ်(၄/၄၉၉-ခ)၊ သဲကျွန်းရပ်ကွက်၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၇၉၇၈၅၃၃၈၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့နယ်၊ လုံပေါးကျေးရွာအုပ်စု၊ လိုက်ကတူး ကျေးရွာနေ ဒေါ်နန်းခံ(ခ) ဒေါ်နန်းခမ်း ၁၃/ဟပန(နိုင်)၀၆၃၁၃၅၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးတိလှ (ကွယ်လွန်)နှင့် ဒေါ်နန်းခံ(ခ) ဒေါ်နန်းခမ်းတို့၏ တတိယသား ဟိုပုံးမြို့နယ်၊ လုံပေါးကျေးရွာအုပ်စု၊ ပင်မား ကျေးရွာနေ ဦးမြမောင် ၁၃/ဟပန (နိုင်) ၀၅၁၀၆၇သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမ မှုကိုမနာခံဘဲ မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်ပတ်သက်ဆက်နွယ်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ချောကလျာ (LL.B,CBL)** | **ဒေါ်မြမြစန်း (LL.B)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **စဉ်-၁၀၇၁၄/၅-၅-၂၀၁၆** | **စဉ်-၁၀၈၅၀/၃၁-၅-၂၀၁၆** |
| **အမှတ် (ရ/၇၀)၊ ကျောက်စမ်းလမ်း၊ နယ်မြေ(၈)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့။** | **အမှတ်(ဟတ/၉၇-က)၊ ခိုင်ရွှေဝါလမ်း၊ ကျောင်းကြီးစု ရပ်ကွက်၊ တောင်ကြီးမြို့။** |
| **ဖုန်း-၀၉-၄၂၈၃၁၃၃၂၅၊ ၀၉-၄၅၆၂၂၄၅၆၁** | **ဖုန်း-၀၉-၂၅၀၆၂၈၀၁၁၊ ၀၉-၉၆၂၅၉၆၆၀၀** |

## ပတ်စ်ပို့ပျောက်

ဖယ်ခုံမြို့၊ အုံတိုင်းရွာနေ (ဘ) ဦးစိုင်းစံတစ် (ခ) စိုင်းတိ ၏သမီး မနန်းမိုလင်း ၁၃/ဖခန(နိုင်) ၀၇၉၇၅၃ ၏ နိုင်ငံကူးလက်မှတ် အမှတ် (ME-971434) သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉ -၆၇၈၉၈၄၃၁၂**

## ဖခင်အမည်မှန်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ရွာငံမြို့နယ်၊ ယကြီး အထက၊ Grade-12 မှ မောင်ဆိုင်းခန့်ကျော်၏ ဖခင် အမည်မှန်မှာ ဦးမျိုးဝင်း ဖြစ်ပါ ကြောင်း။

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ဆင်ခေါင်းရပ်ကွက်နေ ကျွန်တော် ဦးစိုင်းအောင်ဖေ ၁၃/ကလန(နိုင်)၀၁၀၈၆၇ နှင့် ကျွန်မ ဒေါ်စန်းလွင် ၁၃/ပတယ(နိုင်)၀၀၄၅၁၂ တို့၏ သမီးဖြစ်သူ မနန်းဝေဝေသူ ၁၃/ပတယ(နိုင်) ၀၅၁၄၃၃သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ် ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝမှန်သမျှကို ကျွန်တော်ကျွန်မ တို့မှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဦးစိုင်းအောင်ဖေ-ဒေါ်စန်းလွင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ ARA Residences တိုက်အမှတ် (Y10)၊ အခန်းအမှတ်(105A)၊ တိုက်ခန်းအမျိုးအစား (Studio)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၃၆၂) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုး ခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးသိန်းထွန်းအောင် ၁၂/သလန(နိုင်)၀၇၁၂၉၀ နှင့် ဒေါ်ဇာလီဆွေ ၉/မခန(နိုင်)၁၆၂၀၂၇ တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မင်းသန့် ၉/နထက(နိုင်)၁၂၃၂၄၆၊**
**ဒေါ်သီရိသိန်းဝင်း ၈/ရနခ(နိုင်)၀၇၄၀၇၆**
**ဖုန်း-၀၉ -၇၅၅၅၈၇၉၁၂၊ ၀၉ -၅၀၉၁၄၆၁**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ကွင်းအမှတ်(၆၄၁)၊ ကွင်းအမည်-ကမာနတ်ကွင်း၊ ဦးပိုင်အမှတ်-၂၈ တွင်ရှိသော ဧရိယာ ၁ ဒသမ ၇၇ ဧက ကျယ်ဝန်းသော ဘိုးဘပိုင်မြေအမျိုးအစား ခြံမြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူF.ပရိုဘို့စ်ဘုန်းကြီးထံမှ ကျွန်တော် ဦးဗိုလ်ဆိုင်မှ(၁၅-၁-၂၀၂၃)ရက်တွင် အသိသက်သေများရှေ့၌ ငွေအပြည့်အဝ ပေးချေကာ အပြီးအပိုင်ဝယ်ယူပြီး ယနေ့အချိန်အထိ လက်ရှိထားအသုံးပြုခဲ့ ပါသည်။ ခြံမြေအရောင်းအဝယ်စာချုပ်ချုပ်ဆိုစဉ် F.ပရိုဘို့စ်ဘုန်းကြီးသည် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုစဉ်တွင်လည်းကောင်း၊ ၎င်းအမည်မှ ကျွန်တော်၏အမည်သို့ပြောင်းလဲရာတွင် လည်းကောင်း လိုက်ပါဆောင်ရွက်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးခဲ့သော်လည်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် F.ပရိုဘို့စ်ဘုန်းကြီးအား သွားရောက်ခေါ်ဆိုရာ၌ ယခင်နေရပ်လိပ်စာတွင် နေထိုင်ခြင်း မရှိတော့သကဲ့သို့ မည်သည့်အရပ်ဒေသတွင် နေထိုင်နေကြောင်း ယနေ့အချိန် အထိ စုံစမ်းမရရှိခဲ့ပါ။ F.ပရိုဘို့စ်ဘုန်းကြီးအနေဖြင့် ကျွန်တော်အား ရောင်းချ ခဲ့သော ခြံမြေနှင့်ပတ်သက်ပြီး မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန်အတွက် ဤကြေညာ ပါသည့်ရက်မှ (၁၀)ရက်အတွင်း လာရောက်ဆောင်ရွက်ပေးပါရန် ကြေညာအပ် ပါသည်။ **ဦးဗိုလ်ဆိုင် (ဘ) ဦးချစ်လှိုင် ၁၂/ဥကတ(နိုင်)၀၁၁၃၄၁**

**ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွင်း/အကွက်အမှတ်(၂/ဟော်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ ၀ ဒသမ ၁၂၉ ဧကရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးလင်းထင် ၇/လပတ(နိုင်)၀၉၆၈၄၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံ စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၂၀-၃)၊ မြေဧရိယာ ၀ ဒသမ ၀၇၉ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဖြူစင်အောင် ၁၂/ထတပ(နိုင်)၀၇၃၂၉၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာ အပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တင်ဒါခေါ်ဆောင်ရွက်မည့် ဒက္ခိဏသီရိမြို့နယ်၊ ရန်အောင်မြင်ရေသန့်စင်စက်ရုံမှ ပိတောက်သို့ရေပေးရေးပေးပို့သော လိုင်းအမှတ်(၁၊ ၂၊ ၃) ရှိ 12" ϕ PVC ပိုက်လိုင်းအား 12" HDPE (OD 355 mm)ဖြင့် အစားထိုးသွယ်တန်းခြင်း လုပ်ငန်း(၃)ခုအတွက် HDPE ပိုက်ဝယ်ယူခြင်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့် တင်ဒါသွင်းရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။(က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၃-၆-၂၀၂၅ ရက်
( ခ ) **တင်ဒါပိတ်မည့်ရက်** - ၁၇-၆-၂၀၂၅ ရက်၊ (၁၄:၀၀)နာရီ
( ဂ ) **တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဖုန်း-၀၆၇-၄၀၃၂၁၉၊ ၀၉-၄၃၀၄၃၇၉၄ တို့သို့ မေးမြန်း စုံစမ်းထုတ်ယူနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ကချင်ပြည်နယ် ကုသရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကချင်ပြည်နယ်၊ ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၂) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၆-၂၀၂၅ရက်၊ (တနင်္လာနေ့)
**ပိတ်သိမ်းမည့်ရက်** - ၂၇-၆-၂၀၂၅ ရက်၊ (သောကြာနေ့) ညနေ ၁၆: ၀၀နာရီ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက် အလက်များကို သိရှိလိုပါက ကချင်ပြည်နယ်ကုသရေးဦးစီးဌာနရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၇၄-၂၅၂၆၆၁၂၊ ၀၉-၄၃၀၂၂၀၉၀၊ ၀၉-၂၅၇၃၉၂၄၁၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

